# မြန်မာ့ The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 9 May 2019 ၉၆၄၄


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Wouter Jurgens အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ်နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံဆိုင်ရာနယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Wouter Jurgens အား လက်ခံတွေ့ဆုံစဉ်။

# ရန်ကုန်မြို့ရှိ တိုင်းရင်းသားကျေးရွာကို ယဉ်ကျေးမှုထိန်းသိမ်းရာနေရာအဖြစ် အဆင့်မြှင့်တင်မည်



**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရန်ကုန်-သန်လျင်တံတားအနီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အဓိက ထိန်းသိမ်းစောင့်ရှောက်ရာ နေရာဒေသအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယခု တိုင်းရင်းသားကျေးရွာကို အဆင့်မြှင့်တင်သွားနိုင်ဖို့ Master Plan ရေးဆွဲပြီး ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကုမ္ပဏီလေးခုအနက်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


## မြန်မာ့ ယနေ့ ဖတ်စရာ

**ပြည်သူ့လွှတ်တော်သတင်း**

**နိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် တိုက်တွန်းကြောင်း အဆိုတင်သွင်း**


စာမျက်နှာ » ၄


**အမျိုးသားလွှတ်တော်သတင်း**

**အမျိုးသားလွှတ်တော်တွင် ပင်လယ်ရေကြောင်းဆိုင်ရာ ညစ်ညမ်းမှုအတွက် ပထမဦးဆုံး ကာကွယ်တားဆီးခြင်းဆိုင်ရာ ဥပဒေများရှိရန် လိုအပ်ကြောင်း အဆိုတင်သွင်း**


စာမျက်နှာ » ၅





## ကြေးမုံ

# ငြိမ်းချမ်းစွာ အတူယှဉ်လက်တွဲ

လူ့သမိုင်းစတင်ဖြစ်တည်ပြီးနောက် လူ့ယဉ်ကျေးမှုစနစ်ထွန်းကားလာခြင်းနှင့်အတူ မတူကွဲပြားသော ယဉ်ကျေးမှုဓလေ့ထုံးစံအလိုက် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားအသီးသီး ပေါ်ထွန်းလာသည်။ ဘာသာတရားများစွာရှိသည့်အနက် ယနေ့ကမ္ဘာပေါ်တွင် အထင်အရှားရှိသည့် ဘာသာကြီးလေးခုမှာ ကမ္ဘာ့လူသားများ၏ ယုံကြည်ရာ၊ ကိုးကွယ်အားထားရာ ဘာသာကြီးများဖြစ်ပေသည်။

ကိုးကွယ်မှုဆိုင်ရာဘာသာတရားတိုင်းတွင် လူသားတို့ကို အကျိုးဖြစ်ထွန်းစေမည့်၊ လူ့ဘောင်လောကကို အေးချမ်းသာယာစေမည့် ညွှန်ပြမှုများ၊ သွန်သင်ဆုံးမမှုများပါရှိကြရာ အားလုံးသည် မေတ္တာတရားအပေါ်တွင် အခြေခံပြီး လူသားတို့၏ ကိုယ်ကျင့်သိက္ခာဆိုင်ရာများ၊ တရားမျှတမှု၊ စာနာထောက်ထားမှုနှင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးချမ်းသာမှုတရား အမျိုးမျိုး ပါရှိပေသည်။

သို့ရာတွင် ဘာသာတရားတို့ကို လိုက်နာကျင့်သုံးကြသောလူတို့၏ ပုဂ္ဂလခံယူချက်ကွဲပြားမှုကြောင့် ဘာသာအချင်းချင်း၊ လူအချင်းချင်း ပဋိပက္ခဆောင်ခဲ့သော သမိုင်းကြောင်းရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ၁၉ ရာစုအစောပိုင်းက အရှေ့အလယ်ပိုင်းဒေသတွင် ခရူးဆိတ်စစ်ပွဲဟုခေါ်သည့် ဘာသာရေးစစ်ပွဲမျိုးပင် ပေါ်ပေါက်ခဲ့ပြီး ယနေ့ထက်တိုင် တစ်ဖက်နှင့်တစ်ဖက် စစ်မီးမငြိမ်းနိုင်ဘဲ လူအများ ထိခိုက်သေကျေပျက်စီးနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ မတူကွဲပြားသော ဘာသာကြီးများ ပေါင်းစည်းလက်တွဲပြီး ငြိမ်းချမ်းသောအသွင် ဆောင်နိုင်ကြစေရန် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန်အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးကို ယမန်နှစ် နိုဝင်ဘာလက ပထမအကြိမ် ကျင်းပခဲ့ပြီးနောက် ယခုဒုတိယအကြိမ် ကျင်းပနိုင်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် မြင်တွေ့ခဲ့ရသည်။

မေလ ၇ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သည့် ဘာသာပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်၍ ယနေ့ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများသည် ဘာသာတရား၏ အဆုံးအမများကို လိုက်နာခံယူပြီး ညီညွတ်ငြိမ်းချမ်းသော လူ့ဘောင်ဘဝ တည်ဆောက်နိုင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ပိုမိုတိုးတက်ခိုင်မာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မတူညီကွဲပြားသော ဘာသာဝင်များအကြား အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှုများတည်ဆောက်ပြီး ငြိမ်းချမ်းလုံခြုံသာယာသော လူ့ဘောင်ဘဝတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဘာသာတရားတိုင်းသည် ငြိမ်းချမ်းခြင်းကို ဆောင်ထားပေရာ ဖြစ်ပေါ်ခဲ့သော ပြဿနာပဋိပက္ခများသည် ဘာသာတရားအပေါ်တွင် မတည်ဘဲ ဘာသာရေးကိုအကြောင်းပြသည့် အစွန်းရောက်သူများ၏ အမုန်းတရားများ၊ အကြမ်းဖက်မှုများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။ ကမ္ဘာ့သမိုင်းတွင် ရက်စက်သော အကြမ်းဖက်တိုက်ခိုက်မှုများမှာ တိုက်ခိုက်သူတို့က ကိုးကွယ်ရာဘာသာနှင့်အကြောင်းဆက်ပြီး မပြီးဆုံးနိုင်သော ပဋိပက္ခအသွင်ဆောင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် မတူကွဲပြားသည့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်လျက်ရှိရာ ဘာသာအချင်းချင်း အပြန်အလှန်နားလည်ယုံကြည်မှုများထားရှိပြီး တည်ငြိမ်အေးချမ်းသည့် လူနေမှုဘဝကို မြှင့်တင်နိုင်ရေး၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပွားအောင် တားဆီးကာကွယ်ရေး၊ ပဋိပက္ခကြောင့် ဒုက္ခရောက်သူများကို အပြည့်အဝကူညီစောင့်ရှောက်ပြီး ပြန်လည်ထူထောင်ပေးရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများ၏ သွန်သင်ဆုံးမချက်များနှင့်အညီ အပြန်အလှန်လေးစားမှုဖြင့် ပူးပေါင်းရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားများ ယုံကြည်ကိုးကွယ်ကြသည့် ဘာသာတရားအသီးသီးတို့တွင် လူသားအကျိုးပြု၊ လူ့ဘောင်လောကအကျိုးပြု လမ်းညွှန်မှာကြားချက်များ၊ အဆုံးအမတရားများ ပါရှိပြီးဖြစ်ရာ ကောင်းမြတ်သော လောကပါလတရားနှင့်အညီ မတူညီသော ဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အတူတကွ လက်တွဲနေထိုင်နိုင်သော ငြိမ်းချမ်းရေးစိတ်ထားများ ပျံ့နှံ့ကိန်းအောင်းလာအောင် လူတိုင်းလူတိုင်း ကျင့်ကြံအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

# အာဆီယံနိုင်ငံများ အားကစားရည်မှန်းချက် ၂၀၁၆-၂၀၂၀ နှစ်ဝက်ပိုင်းကာလ၏ အားကစားလုပ်ဆောင်ပြီးစီးမှုနှင့် ကျန်ရှိမှုအကြောင်းအရာများ အမြင်ချင်းဖလှယ်ဆွေးနွေး




**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ASEAN Work Plan on Sports 2016-2020 Mid-Term Review Validation Workshop အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက Kempinski Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်၍ အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်ကြ**

အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်နှင့် တာဝန်ရှိသူများ၊ အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံရုံးချုပ်မှ အားကစားဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုးမြှင့်လုပ်ဆောင်**

အစည်းအဝေးတွင် သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အားကစားသည် နေ့စဉ်လူနေမှုဘဝတွင် အရေးပါသည့်ကဏ္ဍအဖြစ် ရပ်တည်ရုံသာမက သံတမန်ရေးရာတွင် အထိရောက်ဆုံးကဏ္ဍအဖြစ် ရပ်တည်ကြောင်း၊ မတူညီသော နိုင်ငံ၊ ဒေသများကြားတွင် ပေါင်းစည်းရေးအတွက် အဓိကအရေးပါအရာရောက်သော ပေါင်းစည်းရေးကဏ္ဍကြီးဖြစ်ကြောင်း၊ အာဆီယံ ၁၀ နိုင်ငံ အားကစားလှုပ်ရှားမှုများကို တိုးမြှင့် လုပ်ဆောင်ခြင်းသည် တစ်ကမ္ဘာလုံးတွင် အတားအဆီးမရှိ ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်နိုင်ကြောင်း၊ ယနေ့အစီအစဉ်အရ အာဆီယံနိုင်ငံများတွင် အားကစားရည်မှန်းချက် ၂၀၁၆-၂၀၂၀ ကာလအတွင်း နှစ်ဝက်ပိုင်းကာလ၏ အရေးပါသည့် အားကစားလုပ်ဆောင်ပြီးစီးမှုများ၊ လုပ်ဆောင်ရန် ကျန်ရှိမှုများ အကြောင်းအရာများစွာကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ အာဆီယံ ဒေသများကြားတွင် အားကစားကဏ္ဍကို တိုးမြှင့်လုပ်ဆောင်ရေးအတွက် အရေးပါသည့် အကြောင်းအရာများနှင့် လက်ရှိဖြစ်ပျက်နေသော အကြောင်းအရာများအပေါ်တွင် အမြင်ချင်းဖလှယ်ဆွေးနွေးမှုပြုလုပ်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံနိုင်ငံကိုယ်စားလှယ်များ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြပြီးနောက် **(အပေါ်ပုံ)** မြန်မာနိုင်ငံ ကိုယ်စားလှယ်များခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံ ၁၀ နိုင်ငံ ကိုယ်စားလှယ်များက အာဆီယံရိုးရာ အားကစားပြိုင်ပွဲများ ကျင်းပရေး ကိစ္စရပ်များ၊ နည်းပြများအား သက်ဆိုင်ရာသင်တန်းများပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ ကျောင်းသား အားကစားသမားများအတွက် စေတနာ့ဝန်ထမ်း အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ SEA GAMES ပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ အားကစားကွင်း/ရုံဆိုင်ရာ ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းကိစ္စရပ်များ၊ ရိုးရာအားကစားပွဲ ဆိုင်ရာအပြင် အခြားသောအစည်းအဝေးနှင့်ညီလာခံ ကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နိုင်ငံကဲ့သို့သော အခြားအာဆီယံမဟုတ်သည့် နိုင်ငံများနှင့် ဆက်သွယ်ခြင်းနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံနိုင်ငံအတွင်း အားကစားသံတမန်များနှင့် အားကစားစံပြများ ခန့်အပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ထိုင်းနိုင်ငံက ၎င်းတို့၏ ဦးဆောင်မှု အပိုင်းကဏ္ဍဖြစ်သော ASEAN Physical Fitness Indicators (APFI) အကြောင်းအရာကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို မေ ၇ ရက်မှ ၉ ရက်အထိ အဆိုပါဟိုတယ်၌ နံနက် ၉ နာရီမှ စတင်ကာ ညနေ ၅ နာရီအထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကလိန်အောင်မြို့၌ စာရေးဆရာအောင်သင်း၏ "ဖိုးဖိုးအောင်၏မေတ္တာစာ" စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်

**ကလိန်အောင် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်းတို့ ပူးပေါင်း၍ စာရေးဆရာ အောင်သင်း၏ "ဖိုးဖိုးအောင်၏မေတ္တာစာ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးခိုင်က စာရေးဆရာအောင်သင်း၏ "ဖိုးဖိုးအောင်၏မေတ္တာစာ" စာအုပ်အား ဖတ်ကြားသည်။ ယင်းနောက် တက်ရောက်လာကြသော Book Club အဖွဲ့ဝင်များနှင့် စာပေစိတ်ဝင်စားသူများက စာအုပ်အား အခန်းအလိုက်၊ ကဏ္ဍတစ်ခုချင်းစီအလိုက် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကလိန်အောင် (ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၈**

ရန်ကုန်(ရွှေဈေး) ၁၀၄၇၅၀၀ - ၁၀၄၇၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၇၅၀၀ - ၁၀၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ်၊ | ၁၀၁၀/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ်၊ | ၉၄၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ်၊ | ၁၀၂၅/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၀/၉၃၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၅၀/၈၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၆.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၉.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၂၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၀၂၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၅.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၄၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၀.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၁.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်ပြီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၄၂၇



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Heuangseng Khamdalavong အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-လာအိုနှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# e-Parliament စနစ် Hluttaw Intranet (Share Point) မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၈**

e-Parliament စနစ် Hluttaw Intranet (Share Point) မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ဝင်းရှိ သဘင်ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ e-Government ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရုံး စီမံကိန်းဒါရိုက်တာ၊ UNDP Programme Advisor, Chief Of Unit, Mr. Joerg Stahlhut၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ CIOs၊ ACIOs၊ Implementation Agency ရုံးများမှ တာဝန်ခံများနှင့် လွှတ်တော်ဝန်ထမ်းများ၊ လွှတ်တော်အကူအညီပေးရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်များ၏ လုပ်ငန်းတာဝန်များအား လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်သည့် e-Parliament စနစ်တစ်ခုဖြစ်သော Hluttaw Intranet (Share Point) အား စတင်အသုံးပြုနိုင်ရန် မိတ်ဆက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များ၏ လုပ်ငန်းတာဝန်များ (Duty and Functions)ကို ပိုမိုအားကောင်းလာစေရန် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီမြှင့်တင်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လွန်စွာအရေးကြီးလှပါကြောင်း၊ လွှတ်တော်၏ အဓိကအောင်မြင်မှု တစ်ခုဖြစ်သည့် စာရွက်စာတမ်းများ စီမံခန့်ခွဲနိုင်သည့်စနစ် Hluttaw Intranet (Share Point)သည် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာသတင်းအချက်အလက်များ၊ အစည်းအဝေးမှတ်တမ်းများ၊ ဆုံးဖြတ်ချက်များ၊ အစီရင်ခံစာများအပြင် အရေးကြီးသည့်စာရွက်စာတမ်းများကိုပါ စီမံခန့်ခွဲနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများကို အထောက်အပံ့ပေးသွားမည့် အကျိုးကျေးဇူးများစွာရရှိသည့်စနစ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် ကိုယ်တိုင်ကိုယ်ကျအသုံးပြု၍ လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ နောင်တွင်လည်း ထိုကဲ့သို့ အသုံးဝင်ကောင်းမွန်သည့်စနစ်များစွာကို တည်ဆောက်ပြီး မိမိတို့လွှတ်တော်အား e-Parliament အဆင့်သို့ ရောက်ရှိသည်အထိ ဝိုင်းဝန်းဆောင်ရွက်သွားကြရေးအတွက် ရည်မှန်းချက်ကြီးစွာ ထားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် UNDP Programme Advisor, Chief Of Unit, Mr. Joerg Stahlhut က ဂုဏ်ပြုအမှာစကားပြောကြားပြီး နိုင်ငံတကာပါလီမန်များအဖွဲ့(IPU), IPU President and Secretary General ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားကို ဖတ်ကြားသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူမင်း(CIO) က Hluttaw Intranet စနစ်အကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် UNDP Programme Advisor, Chief Of Unit, Mr. Joerg Stahlhut တို့က e-Parliament စနစ် Hluttaw Intranet (Share Point)အား စတင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အဖွဲ့လိုက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး Hluttaw Intranet စနစ် လက်တွေ့ပြသခြင်း၊ User Support အစီအစဉ်အား ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာသူများက သိရှိလိုသော မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Hluttaw Intranet (Share Point) System သည် Microsoft Share Point Platform ကို အသုံးပြုထားပြီး စာရွက်စာတမ်းများအား စီမံခန့်ခွဲနိုင်သည့် Document Management System တစ်ခုဖြစ်ပါသည်။ ဤစနစ်တွင် စာရွက်စာတမ်းများအား တင်သွင်းခြင်း၊ အတည်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် Share ပြုလုပ်ခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ လွှတ်တော်လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်သော စနစ်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

အေးကမ္ဘာကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရွေးချယ်ထားပြီဖြစ်ပါတယ်။ ဒီ Master Plan ကို နေပြည်တော်ကို တင်ထားပြီးဖြစ်ပါတယ်။ အတည်ပြုပြီးတာနဲ့ ဆောက်လုပ်မယ့်ကုမ္ပဏီကို တင်ဒါထပ်ခေါ်မှာ ဖြစ်ပါတယ်။ တင်ဒါပြီးတာနဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်”ဟု ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက Yangon Weekend Market ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ Master PLan အရ Free Zone၊ National Races Zone နှင့် Business Zone ဟူ၍ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Free Zone တွင် လွတ်လပ်စွာသွားလာလည်ပတ်နိုင်သည့် နေရာတစ်ခုအဖြစ် ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ National Races Zone တွင် တိုင်းရင်းသားလူမျိုးများ၏ အထိမ်းအမှတ်များ၊ နေအိမ်များ ပါဝင်မည်ဖြစ်ကြောင်း၊ Business Zone တွင် တိုင်းရင်းသားများ၏ ရိုးရာအမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ တိုင်းရင်းသားရိုးရာ အစားအသောက်ဆိုင်များ၊ Shopping Mall များ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေအနားယူရန်နေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းရင်းသားအများစု လာရောက်နေထိုင်ရာ ဒေသဖြစ်သည့်အလျောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသား ရှစ်မျိုး၏ နေအိမ်များနှင့် ဓလေ့ထုံးစံများ၊ အစားအသောက်များကိုလည်း အစစ်အမှန်မြင်တွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၀၂ ခုနှစ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများလည်း အပန်းဖြေ လာရောက်ရာနေရာတစ်ခုအဖြစ် တိုးတက်ပြောင်းလဲလာလျက်ရှိကြောင်း၊ အကျယ်အဝန်းအားဖြင့် ၁၁၇ ဧက ရှိပြီး ပိတောက်၊ စိန်ပန်းနှင့် ခရေပင်ကြီးများ၊ ရေကန်ငယ်များကဲ့သို့ သဘာဝရှုခင်းများဖြင့်လည်း လှပလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



# နိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် တိုက်တွန်းကြောင်းအဆိုတင်သွင်း

**နေပြည်တော် မေ ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကော်မတီအဖွဲ့ဝင်တစ်ဦး အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မြင့်ချိုအစား ဗိုလ်မှူးကြီး ဝင်းလွင်ဦးကို အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


မိုင်းပန်မဲဆန္ဒနယ်မှ
ဦးစိုင်းကျော်မိုး


ဖလမ်းမဲဆန္ဒနယ်မှ
ဒေါက်တာဆလိုင်းရီယန်းဖဲလ်


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်သူ


ဝေါမဲဆန္ဒနယ်မှ
ဦးတင်ထွေး

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့နယ်ရှိ မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် လေးခန်းတွဲ နှစ်ထပ် RC သွပ်မိုး ဝန်ထမ်းအိမ်ရာ တစ်လုံးအား ဌာနပိုင်မြေအတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ခွဲဝေလျာထားရရှိသည့် ဘတ်ဂျက်ကန့်သတ်ချက်အရ ဦးစားပေးအလိုက် ဆောင်ရွက်နေရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မှတ်တမ်းခန်းများ၊ ရုံးများကို ဦးစားပေးပြီး ဒုတိယအဆင့်မှသာ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ဦးစားပေးရပါကြောင်း၊ လာမည့် ဘဏ္ဍာနှစ်တွင် ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်ရုံးများ၊ ငှားနေရသည့် ရုံးများ၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သည့် ဌာနပိုင်ရုံးအဆောက်အအုံများ၊ မှတ်တမ်းခန်းများ၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းတို့ကို အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် လျာထားငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုရန်ပုံငွေရရှိပါက ဦးစားပေးအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဖလမ်းမြို့နယ် သီးဆဲင်အုပ်စု ဗားလုံး (ဝေဠုဝန်စခန်း) ကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ

ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဖဲလ်၏ **ဖလမ်းမြို့နယ် သီးဆဲင်အုပ်စု ဗားလုံး (ဝေဠုဝန်စခန်း) ကျေးရွာတွင် ရဲကင်း သို့မဟုတ် ရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ဖလမ်းမြို့နယ် သီးဆဲင်ကျေးရွာအုပ်စု ဗားလုံး(ဝေဠုဝန်စခန်း) ကျေးရွာသည် မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ Myanmar Post and Telecommunications (MPT) နှင့် Telenor တို့၏ ဆက်သွယ်မှုကွန်ရက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်နင်းစွာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရဲကင်းစခန်းဖွင့်လှစ်ရန် မလိုအပ်သေးပါကြောင်းနှင့် ဗားလုံးကျေးရွာတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဗားရဲရဲကင်းစခန်းမှ ဒုရဲအုပ်အောင်ကျော်မိုး ဦးစီး၍ ရွာစင်ကျယ် လှည့်ကင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်နှင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက **နိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် နိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြနေခြင်း ရပ်တန့်စေရန်နှင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်းထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ၊ လုပ်သားသယံဇာတ ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

## ရေ၊ မြေနှင့် လုပ်သားသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကို အချိန်နှင့်တစ်ပြေးညီ ခံစားကြရမည်ဖြစ်

ရေ၊ မြေနှင့် လုပ်သားသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကို အချိန်နှင့်တစ်ပြေးညီ ခံစားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းသယံဇာတသုံးရပ်ကို အခြေပြုပြီး စိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အဓိကပြည်တွင်းထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး အခြေပြုရမည်ဖြစ်ပါကြောင်း။

အသား၊ ငါးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အသားထုတ်လုပ်နိုင်မှုအတွက် မြန်မာနိုင်ငံတွင် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲ၊ ငါး၊ ဝက် စသည်တို့သည် နိုင်ငံ၏ ပြည်နယ်တိုင်း နေရာတိုင်းတွင် မွေးမြူဖြစ်ထွန်းနိုင်ပါကြောင်း၊ ယင်းတိရစ္ဆာန်များ ကြီးထွားရှင်သန်ပြီး အောင်မြင်ဖြစ်ထွန်းရန်အတွက် အဓိကလိုအပ်သည့် စားကျက်နှင့် ကောက်ရိုး၊ အခြားအစားအစာများကလည်း မိမိတို့တိုင်းပြည်တွင် အဆင်သင့်ဖြစ်ပါကြောင်း၊ ရာသီမရွေး ပေါက်ရောက်သည့် မြက်များကို စားသုံးစေခြင်းဖြင့် မွေးမြူရေးတွင် အဆင်ပြေမှုရှိသည့်အပြင် စားကျက်များသည်လည်း တိုင်းပြည်အတွက် အဓိက လိုအပ်နေပါကြောင်း၊ တိုင်းပြည်အတွက် အဓိက အထောက်အကူဖြစ်သည့် စားကျက်များကို ယခုအချိန်တွင် သီးခြားထားရှိရန် လိုအပ်မည်ဟု မြင်ပါကြောင်း။

ထို့အပြင် ကျွဲနှင့်နွားများသည် လယ်ယာကုန်ထုတ်လုပ်ငန်းများကို အခြေပြုလုပ်ကိုင်သည့် ကာလအတွင်းတွင် နိုင်ငံတော်၏ ရေမြေအနေအထားအရ နေရာဒေသများတွင် မရှိမဖြစ်လိုအပ်နေသည့် လယ်ယာကုန်ထုတ်ကိရိယာများဖြစ်ပါကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အနေဖြင့် အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝင် မျိုးကောင်း မျိုးသန့်များရရှိရေးအတွက် တစ်ဖက်မှ ဆောင်ရွက်ပြီး ဈေးကွက်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါက နိုင်ငံ၏ ပို့ကုန်လုပ်ငန်းသည် များစွာထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံကုန်သွယ်မှုကို မရပ်တန့်စေဘဲ ကုန်သွယ်မှုမြင့်မားလာအောင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်တွင် နေသည့် ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ မြင့်တက်လာရန်အတွက် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ဖက်က ရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာနိုင်ငံ လူမွေးခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**


# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွစ်ဇာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Tim Enderlin နှင့်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆွစ်ဇာလန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် DDR ဆိုင်ရာ လုပ်ငန်းစဉ်သင်တန်းပေးနိုင်မှု အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ကြေးမုံ



# အမျိုးသားလွှတ်တော်တွင် ပင်လယ်ရေကြောင်းဆိုင်ရာ ညစ်ညမ်းမှုအတွက် ပထမဦးဆုံး ကာကွယ်တားဆီးခြင်းဆိုင်ရာဥပဒေများရှိရန် လိုအပ်ကြောင်း အဆိုတင်သွင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်



စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်း

**နေပြည်တော် မေ ၈**

ပင်လယ်ရေကြောင်းဆိုင်ရာ ညစ်ညမ်းမှုအတွက် ပထမဦးဆုံး ကာကွယ်တားဆီးခြင်းဆိုင်ရာ ဥပဒေများရှိရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက အဆိုတင်သွင်းလိုက်သည်။

၎င်းက Annex (I) ကို IMO နှင့် သဘောတူလက်မှတ်ထိုးထားသော်လည်း မိမိတို့နိုင်ငံတွင် ဆီလျှံခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမြန်ဆုံးအကောင်အထည်ဖော်သင့်ကြောင်း။

မိမိတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိရောက်စွာ အကာအကွယ်ပေးနိုင်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း ဆီလျှံခြင်းဆိုင်ရာ ဥပဒေ၊ ဆီလျှံခြင်းအတွက် အရေးပေါ်တုံ့ပြန်သည့် အစီအမံများနှင့် ဆီလျှံခြင်းအတွက် ကာကွယ်တားဆီးရေး ဆောင်ရွက်မည့်အဖွဲ့များ မြေပြင်နှင့် ရေပြင်တွင် အသင့်ရှိနေကြရတော့မည်ဖြစ်ပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

ယနေ့အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **"မြန်မာ့ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ် မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရေမဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ ကြီးမားသည့် မတော်တဆထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန်"** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာတွင် အထက်ပါအတိုင်း ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

## သာမန်အားဖြင့် သင်္ဘောများသည် ဆီယိုဖိတ်မှုအတွက် လျော်ကြေးပေးနိုင်ရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို မဖြစ်မနေ အာမခံထားရှိကြရ

ထို့ပြင် ဦးမောင်မောင်အုန်းက ရေနံယိုစိမ့်မှုဖြစ်စဉ်ကြောင့် သင်္ဘောပိုင်ရှင်နှင့် ယင်း၏အာမခံကုမ္ပဏီများသည် လျော်ကြေးပေးလျော်ရာတွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအရ ရေနံယိုဖိတ်ခံရသည့်နိုင်ငံ၏ ဥပဒေအတိုင်းသာ ပေးလျော်ပါကြောင်း၊ လက်ရှိမိမိတို့နိုင်ငံအနေနှင့် ရေနံယိုဖိတ်မှုနှင့်ပတ်သက်သည့်ဥပဒေ လုံးဝမရှိသည့် အခြေအနေဖြစ်သဖြင့် ရေနံများယိုဖိတ်မှု ဖြစ်ပွားခဲ့ပါက ပြစ်မှုပြစ်ဒဏ်များ မချမှတ်နိုင်သည့်အပြင် လျော်ကြေးငွေကိုလည်း လုံးဝရရှိနိုင်မည်မဟုတ်ပါကြောင်း၊ သာမန်အားဖြင့် သင်္ဘောများသည် ဆီယိုဖိတ်မှုအတွက် လျော်ကြေးပေးနိုင်ရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို မဖြစ်မနေ အာမခံထားရှိကြရပါကြောင်း။

ရခိုင်ပြည်နယ်တွင် လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်နေမှုများနှင့် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုနှင့် ရေနံပိုက်လိုင်းတစ်ခု စုစုပေါင်းပိုက်လိုင်းနှစ်ခုတည်ဆောက်သွယ်တန်းထားရှိပါကြောင်း၊ မဒေးကျွန်းမှစတင်ကာ တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ရေနံစိမ်း တန်ချိန်ပေါင်း ၂၂ သန်း သယ်ယူနေသည့် ရေနံစိမ်းကုန်ချဆိပ်ကမ်းနှင့် ဆက်စပ်နေပါကြောင်း၊ တရုတ်ရေနံကော်ပိုရေးရှင်း အရှေ့တောင်အာရှ ပိုက်လိုင်းကုမ္ပဏီ (CNPC-SEAP) သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နှင့် အကျိုးတူပူးပေါင်းပြီး ဟောင်ကောင်အခြေစိုက် ဖက်စပ်ကုမ္ပဏီ (SEAGP) အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီကိုထူထောင်၍ ရေနံစိမ်းပိုက်လိုင်းကို တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ဖော်ပြပါစီမံကိန်းအရ တန်ချိန်နှစ်သိန်းမှ သုံးသိန်းတင်ဆောင်နိုင်သည့် အလွန်ကြီးမားသော ရေနံစိမ်းတင်သင်္ဘောကြီးများ တစ်နှစ်လျှင် အစင်းရေ ၇၀ ကျော်ခန့်၊ တစ်နည်းအားဖြင့် တစ်လလျှင် ခြောက်စင်း၊ ခုနစ်စင်းခန့် အဆိုပါ မဒေးကျွန်းရေနက်ဆိပ်ကမ်းကို ရေနံစိမ်းကုန်ချရန်အတွက် ဆိုက်ကပ်ရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရေပိုင်နက်အတွင်းသို့ သင်္ဘောများဝင်လာစဉ်ဖြစ်စေ၊ ဆိပ်ကမ်းဝင်/ထွက်စဉ်တွင်ဖြစ်စေ၊ ကမ်းနားကပ်ထားပြီး ကုန်ချနေစဉ်ဖြစ်စေ၊ လူကြောင့်သော်လည်းကောင်း၊ စက်ပစ္စည်းကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း ရေနံနှင့် ရေနံထွက်ပစ္စည်းများ ယိုဖိတ်ကာ ပင်လယ်တွင်းသို့ ကျရောက်မှုများ အချိန်မရွေး ဖြစ်ပေါ်လာနိုင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမီးလင်းချိုင်ဒေသတွင် မကြာမီပေါ်ထွန်းလာမည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်မီးစက်အတွက်လည်း ဆွစ်ဇာလန်နိုင်ငံအခြေပြု Clearlake Shipping Co., မှ LNG Carrie ဓာတ်ငွေ့အရည်တင်သင်္ဘောများလည်း ဝင်ထွက်သွားလာတော့မည်ဖြစ်ပါကြောင်း။

အန္တရာယ်ဖြစ်နိုင်ခြေ ပိုမိုများလာလျက်ရှိပါကြောင်း၊ ပင်လယ်တွင်း ဆီယိုဖိတ်မှုဖြစ်ခဲ့သော် အဆိုပါဒေသရှိ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ လူမှုဝန်းကျင်ထိခိုက်နစ်နာခြင်း၊ လူနှင့်သတ္တဝါများ ကျန်းမာသန်စွမ်းရေးထိခိုက်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း စသည်များ ဆက်တိုက်ဖြစ်ပေါ်တွေ့ကြုံနိုင်ပါကြောင်း၊ သက်ဆိုင်ရာဒေသရှိ ကုန်း၊ ရေ၊ လေထဲတွင် နေထိုင်ကျက်စားသည့် ငှက်များ၊ ဖျံများ၊ ငါးများ၊ ဝေလငါးများ စသည့် ရေသတ္တဝါမျိုးစုံနှင့် မျိုးစိတ်များ၊ သဘာဝအလှအပ သန္တာကျောက်တန်းများနှင့် ဂေဟစနစ်များ ပျက်သုဉ်းကြရပါကြောင်း။

အကယ်၍ ဆီယိုဖိတ်မှုဖြစ်လာလျှင် ဆီလွှာပြင်ကြီးသည် ဒီရေအတက်အကျ၊ ပင်လယ်ရေစီးကြောင်း၊ တိုက်ခတ်သည့် လေတို့နှင့်အတူ ပျံ့နှံ့မျောပါနိုင်ပြီး မြန်မာ့ကမ်းရိုးတန်းနှင့် အနီးဆုံးရှိနေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင်ပါ ယိုဖိတ်သည့် ရေနံစိမ်းများ ပျံ့နှံ့ရောက်ရှိသွားနိုင်ကာ အာရှဒေသတွင်း ပြဿနာများကို ဆက်တိုက်ရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ အကျိုးစီးပွားကို ပြီးပြည့်စုံအောင်ကာကွယ်ပေးနိုင်သည့် ဥပဒေများပြဋ္ဌာန်းထားရှိရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ၁၉၅၁ ခုနှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ကာ ကမ္ဘာ့ပင်လယ်ရေကြောင်းလောကတွင် ဦးဆောင်မှု အစဉ်အလာကောင်းများရှိခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နောက်ပိုင်းတွင် IMO အဖွဲ့ဝင်ဖြစ်ခဲ့ကြသော နိုင်ငံများသည် ယင်းတို့၏နိုင်ငံကို အကာအကွယ်ပေးသည့် ဥပဒေများကို ပြည့်စုံစွာပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း မိမိတို့တွင် နိုင်ငံတော်နှင့် နိုင်ငံသားများကို အကာအကွယ်ပေးသည့် ပင်လယ်ရေကြောင်းဘက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းထားရှိမှု အလွန်နည်းပါးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **"ချင်းပြည်နယ် ပလက်ဝမြို့နယ် ဝက်မကျေးရွာအုပ်စု ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝက်မကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်ညှိနှိုင်း၍ စီမံကိန်းနှင့်ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌသို့လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန) များသို့လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ အဆောက်အဦအတွက် မြေနေရာလုံလောက်မှု ရှိ၊ မရှိ၊ အဆောက်အဦထပ်မံဆောက်လုပ်ရန် လိုအပ်ချက် ရှိ၊ မရှိနှင့် နယ်မြေဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ်လိုအပ်မှု ရှိ၊ မရှိတို့ကို သဘောထားမှတ်ချက်များ တောင်းခံ၍ ပြန်ကြားချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **"စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် တွင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စစ်ကိုင်းတိုင်းဒေသကြီး တွင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲသည် မကျီးဘုတ်ကျေးလက်ကျန်းမာရေးဌာနလက်အောက်မှ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖြစ်ပြီး မကျီးဘုတ်တိုက်နယ်ဆေးရုံနှင့် နှစ်မိုင်၊ မကျီးဘုတ်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် နှစ်မိုင်သာ ဝေးကွာပါကြောင်း၊ တွင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲတွင် အိမ်ခြေ ၉၉၂ အိမ်၊ လူဦးရေ ၄၄၈၅ ဦး ရှိပြီး တွင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပါက လက်ရှိဖွင့်လှစ်ထားသော မကျီးဘုတ်ကျေးလက်ကျန်းမာရေးဌာနအတွက် ဧရိယာနှင့် လူဦးရေလွှမ်းခြုံမှုနည်းပါးသွားမည်ဖြစ်၍ တွင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် မဖြစ်နိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ၏ **"ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ နောက်မီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု ချထားပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိ ရတနာ၏ **"နိုင်ငံတစ်ဝန်း အသစ်ထပ်မံဆောက်လုပ်မည့် ဆေးရုံနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ အပါအဝင် နိုင်ငံပိုင်အဆောက်အဦများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြု ပုံစံမျိုး ထည့်သွင်းဆောက်လုပ်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **"စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် လေးမြေကျေးရွာအုပ်စု လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန်"** အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)"**အား ဥပဒေကြမ်းကော်မတီက အဆိုပြုထားသည့်အတိုင်း အတည်ပြုနိုင်ရန် တင်ပြထားသည့်အတွက်လည်းကောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက်လည်းကောင်း ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏သဘောထားရယူ၍ အတည်ပြုသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏လိုအပ်ချက်အရ အသစ်ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါသဖြင့် ယင်းအခြေအနေနှင့်ကိုက်ညီမှုရှိစေရန် ဥပဒေကိုပြင်ဆင်ထားခြင်းဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတွက် **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉) မူကြမ်း** အားအတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီ မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်းက ထောက်ခံဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

**မော်စီ၊ လှမော်(သတင်းစဉ်)**

# အမုန်းစကားနှင့် မမှန်ကန်သောသတင်းအချက်အလက်များကို တိုက်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အားပေးပံ့ပိုးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် မေ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems (IFES)၊ International Republican Institute (IRI)၊ National Democratic Institute (NDI) တို့ ပူးပေါင်းပြုလုပ်သည့် အမုန်းစကားနှင့် မမှန်ကန်သောသတင်းအချက်အလက်များကို တိုက်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်မည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို အားပေးပံ့ပိုးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်များနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ကတိကဝတ်ပြုထားပြီးဖြစ်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံငါးချက်နှင့်အညီ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှု ပြုလုပ်ကြမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အမုန်းစကားများ၊ သတင်းမှားများဖြင့် တိုက်ခိုက်မှုများ မပြုလုပ်ကြရန်လိုကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် အမုန်းစကားများနှင့် တိုက်ခိုက်မှုများရှိခဲ့သော်လည်း ကန့်ကွက်မှုများ မပြုခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် မေ ၁၅ ရက်တွင် နိုင်ငံရေးပါတီအားလုံး သဘောတူညီမှုဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for Political Parties and Candidates) ကို ရေးဆွဲအတည်ပြုခဲ့ပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလအတွင်း အခြားပါတီများအား အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်းမပြုရန်၊ နိုင်ငံရေးပါတီ (သို့မဟုတ်) ကိုယ်စားလှယ်လောင်းတစ်ဦးကို ဝေဖန်ပြောဆိုမှုများပြုလုပ်ရာတွင် အခြေအမြစ်မရှိဘဲ (သို့မဟုတ်) မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော ဝေဖန်ပြောဆိုမှုများ မပြုလုပ်ရန်နှင့် ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုသော သုံးနှုန်းပြောဆိုမှုများမပြုလုပ်ရန် ကတိကဝတ်ပြုထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) တွင် အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအားလုံး ပါဝင်ဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊ အားလုံးပါဝင်မှု မြှင့်တင်ခြင်းအစန်းများကို ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်း ၆၀၃၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၉၃ ဦး ပါဝင်ခဲ့ပြီး ၁၅၁ ဦး အနိုင်ရရှိခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ရာတွင်လည်း အမျိုးသမီးများပါဝင်မှု တိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမုန်းစကားနှင့် မမှန်ကန်သောသတင်းအချက်အလက်များကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများ၊ ရွေးကောက်ပွဲများတွင် ကျား/မတန်းတူညီမျှရေး၊ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ ဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စေတနာ့ဝန်ထမ်းအဖွဲ့အစည်း**

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်များနှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝအဆင့်အတန်းမြင့်မားစေရေး အထောက်အကူပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းကြီးဖြစ်သည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးသည် အရေးကြီးပါကြောင်း။

အသင်းကြီး၏ လုပ်ငန်းတာဝန်များမှာ များပြားပြီး အသင်းဝင်မှာလည်း များပြားသဖြင့် အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် အောင်မြင်မှုအခြေအနေများကို စစ်ဆေးရန်အချက်များကိုအသုံးပြု၍ စောင့်ကြည့်ဆန်းစစ်သည့်စနစ်ကိုလည်း ထားရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လက်တွေ့ကျသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဓိကအညွှန်းပြကိန်းများကို အသုံးပြု၍ တိုင်းတာဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ထိုသို့ စောင့်ကြည့်ဆန်းစစ်ရာမှ တွေ့ရှိချက်များအရ ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည်များ၊ လိုအပ်ချက်များ၊ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သင့်သည်များကို ပြောင်းလဲလာသော အခြေအနေများနှင့်ကိုက်ညီစွာ မွမ်းမံပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် အသင်းကြီး၏လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

အသင်းကြီးအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းနှင့် သို့မှသာ အသင်းကြီး၏ပုံရိပ် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ အသင်းဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကိုလည်း မူဘောင်နှင့် လမ်းပြမြေပုံချမှတ်ကာ စနစ်တကျ ဆောင်ရွက်သွားစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ကျန်းမာရေးစီမံချက်များနှင့်လည်း ယခုထက် ပိုမိုချိတ်ဆက်၍ ပူးပေါင်းပါဝင်စေလိုပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆင့်သော ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများကလည်း အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပံ့ပိုးပူးပေါင်းမှုအပိုင်းကဏ္ဍမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ဆက်လက်ပါဝင်ဆောင်ရွက်**

အသင်းကြီး၏ စီမံခန့်ခွဲမှု၊ ထောက်ပံ့ပေးပို့မှုနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဆိုင်ရာ သတင်းပေးပို့ဖလှယ်မှုစနစ်ကိုလည်း ပိုမိုလွယ်ကူလျင်မြန်ကောင်းမွန်စေရေး ဆန်းစစ်သုံးသပ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ယခင်နှစ်ကအသင်းကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားကာ အားနည်းချက်နှင့် အားသာချက်များ ဖော်ထုတ်၍ ရှေ့လုပ်ငန်းစဉ်များကို သမားရိုးကျမှ ဖောက်ထွက်သော အတွေးအမြင်များဖြင့် ဝိုင်းဝန်းဆွေးနွေးချမှတ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံ မိခင်သေဆုံးမှုနှုန်းနှင့် ကလေးသေဆုံးမှုနှုန်းများ ယခုထက် ပိုမိုလျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အဓိကအင်အားကြီးအဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်စေရေး ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဥရောပနေ့အထိမ်းအမှတ်ညစာစားပွဲ နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပ




**နေပြည်တော်  မေ  ၈**

ဥရောပနေ့အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံရုံးအကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဥရောပသမဂ္ဂ အမျိုးသားသီချင်းတို့ကိုဖွင့်လှစ်ပြီး အလေးပြုကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt တို့သည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ သံရုံးအကြီးအကဲများနှင့်အတူ ဥရောပနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဥရောပသမဂ္ဂသံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး(ဝဲပုံ) ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော်  မေ  ၈**

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အကြံပြုဆွေးနွေးပွဲ ဒုတိယနေ့တွင် ယမန်နေ့က အစုအဖွဲ့များမှ ကဏ္ဍအလိုက် ဆွေးနွေးထားသည့် ပညာရေးကဏ္ဍ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်အေးအေးမြင့်က လည်းကောင်း၊ လူမျိုးစုများနှင့် လူနည်းစုများအတွက် ညီမျှသောအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကဏ္ဍ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဒေါ်အန်ဂျလာသောင်းက လည်းကောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှုကဏ္ဍ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဒေါ်စန်းစန်းမြင့်က လည်းကောင်း၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဆရာရှမ္မေလက လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုများကဏ္ဍ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့ Core Member ဦးအေးလွင်က လည်းကောင်း ပြန်လည်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ Co-Moderator Rev. Kosho Niwano၊ အင်ဒိုနီးရှားနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ Moderator Prof. Dr .Din Syamsuddin တို့က အကြံပြုဆွေးနွေးပွဲမှ ဆွေးနွေးချက်များအပေါ် ၎င်းတို့၏အမြင်များကို ဆွေးနွေးကြသည်။

**သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်ရန်လိုအပ်**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန်အတွက် ဒုတိယအကြိမ် ဘာသာပေါင်းစုံ ဆွေးနွေးပွဲမှ အစုအဖွဲ့အလိုက် ဆွေးနွေးမှုများ၏ ရလဒ်များအား လက်တွေ့အကောင်အထည်ဖော်မှုများကို စဉ်ဆက်မပြတ် သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ငြိမ်းချမ်းမေတ္တာအဖွဲ့နာယက ကာဒီနယ်ချားလ်ဘို၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဘီရှော့ဂွန်နာစတော့ဆက်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ဒုတိယအကြိမ် အကြံပြုဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပ ပြီးစီးသည်။

ယခု ဒုတိယအကြိမ် အကြံပြုဆွေးနွေးပွဲ၌ ပညာရေးကဏ္ဍတွင် အကြံပြုချက်(၅)ချက်၊ လူမျိုးစုများနှင့် လူနည်းစုများအတွက် ညီမျှသော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကဏ္ဍတွင် အကြံပြုချက်(၅)ချက်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှုကဏ္ဍတွင် အကြံပြုချက်(၁၁)ချက်၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် အကြံပြုချက်(၇)ချက်၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုများကဏ္ဍတွင် အကြံပြုချက်(၇)ချက်ရရှိခဲ့ပြီး ယင်းအကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများထံ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

ဆွေးနွေးပွဲဒုတိယနေ့သို့ ပြင်ဦးလွင်မြို့ အာရှအလင်းရောင်ကျောင်းတိုက် ဆရာတော်ဦးစိန္တိတနှင့် ဆရာတော်များကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဘာသာပေါင်းစုံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

✪ **ကျောဖုံးမှ**

ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်ပွားမှုကြောင့် လေယာဉ်သည် ဦးခေါင်းကျိုး၊ တောင်ပံနှစ်ဖက်၊ ပန်ကာဒလက်များ ကျိုးသွားကြောင်း သိရသည်။

ယင်းလေယာဉ်တွင် ခရီးသည် ၂၉ ဦး၊ လေယာဉ်အမှုထမ်း ခြောက်ဦး လိုက်ပါလာပြီး ခရီးသည်များတွင် ကနေဒါ တစ်ဦး၊ တရုတ် သုံးဦး၊ ဒိန်းမတ် တစ်ဦး၊ ပြင်သစ် တစ်ဦး၊ UK နှစ်ဦး၊ အိန္ဒိယ တစ်ဦး၊ ဆွစ်ဇာလန် တစ်ဦး၊ ဘင်္ဂလားဒေ့ရှ် ၁၆ ဦး၊ မြန်မာသုံးဦး လိုက်ပါလာကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၉ ဦးအား ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

"လေယာဉ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံက Biman လေကြောင်းဖြစ်ပါတယ်။ ဒီလေယာဉ်က ညနေ ၆ နာရီ ၅၂ မိနစ်မှာ ရန်ကုန်လေဆိပ်ကို ဆင်းပါတယ်။ ဆင်းတဲ့အခါမှာ ပြေးလမ်းထိပ် Touch down Area မှာ လေယာဉ်ဘီးထိရမယ့်အစား ပြေးလမ်း ပေ ၅၀၀၀ လောက်ရောက်မှ ဘီးထိပါတယ်။ ဘီးထိပြီး ပြန်တက်ဖို့ ကြိုးစားပါတယ်။ ပြေးလမ်းဆုံးခါနီး ပေ ၁၀၀၀၀ လောက်မှာ ပြန်ကျပါတယ်။ လေယာဉ်ဝမ်းဗိုက်နဲ့ ကျပြီးတော့ ပြေးလမ်းအဆုံး ညာဘက်ခြမ်းမှာ ရပ်သွားပါတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ကြေးမုံသို့ ပြောကြားသည်။

ဖြစ်စဉ်ဖြစ်ပွားနေစဉ်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ခေတ္တပိတ်ထားပြီး ယင်းအချိန်တွင် ဆင်းသက်မည့် ပြည်တွင်းလေယာဉ်များသည် နေပြည်တော်လေဆိပ်သို့ လည်းကောင်း၊ ပြည်ပလေကြောင်းလိုင်းများသည် ထိုင်းနိုင်ငံ ချင်းမိုင်သို့ လည်းကောင်း ဆင်းသက်ခဲ့ရကြောင်း သိရသည်။

**သတင်း- မြင့်စိုး၊ ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ- ဖေဇော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ တွေ့ဆုံဆွေးနွေးမှုအပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များအတွက် သမ္မတ ရှီကျင့်ဖျင်ရေးသားသော The Governance of China စာအုပ် ၄၅၆ အုပ် လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ သံအမတ်ကြီးက စာအုပ်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



# မြန်မာစာရေးဆရာကလပ်၏ အကြိုက်ဆုံးစာအုပ်ဆုနှင့် စာမူဆုချီးမြှင့်



**ရန်ကုန် မေ ၈**
မြန်မာစာရေးဆရာကလပ်၏ (၂)နှစ်မြောက် အထိမ်းအမှတ် အကြိုက်ဆုံးစာအုပ်ဆု၊ စာမူဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Orchid Hotel ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

မြန်မာစာရေးဆရာကလပ်၏ ၂၀၁၈ ခုနှစ် အကြိုက်ဆုံးစာအုပ်ဆုအဖြစ် "တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများနှင့် အခြားဝတ္ထုတိုများ" စာအုပ်ဖြင့် ဆရာမ နှင်းဆီအောင်က ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် အကြိုက်ဆုံးစာမူဆုအဖြစ် "တောင်တန်းများ၏ မနက်ဖြန်" ဝတ္ထုရှည်ဖြင့် ဆရာမသဉ္ဇာလှိုင်(လားရှိုး)တို့က ရရှိခဲ့ကြသည်။

မြန်မာစာရေးဆရာကလပ်၏ နာယကဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်က "ဒီနေ့ဟာ ထူးခြားတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အနှစ်သက်ဆုံး ရသစာပေဆု စာအုပ်ဆုကို စနစ်တကျ ကော်မတီဖွဲ့ရွေးချယ်ခဲ့ပြီး အလားတူပဲ စာမူဆုကိုလည်း ရသစာပေထူးချွန်တဲ့ စာရေးဆရာကြီးများကိုယ်တိုင် အကြိမ်ကြိမ်အထပ်ထပ် ရွေးချယ်ပြီး ဆုချီးမြှင့်တဲ့ ပွဲဖြစ်ပါတယ်"ဟု အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ထို့နောက် "တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများနှင့် အခြားဝတ္ထုတိုများ" စာအုပ်ဖြင့် မြန်မာစာရေးဆရာကလပ် အကြိုက်ဆုံးစာအုပ်ဆုရရှိသည့် ဆရာမနှင်းဆီအောင်အား မြန်မာစာရေးဆရာကလပ် ဒုတိယဥက္ကဋ္ဌ(၁) ဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) ကလည်းကောင်း၊ "တောင်တန်းများ၏မနက်ဖြန်" ဝတ္ထုရှည်ဖြင့် မြန်မာစာရေးဆရာကလပ် အကြိုက်ဆုံးစာမူဆုရရှိသည့် ဆရာမသဉ္ဇာလှိုင် (လားရှိုး) အား မြန်မာစာရေးဆရာကလပ် တွဲဖက်အတွင်းရေးမှူး(၂) ဆရာမ နှင်းဝေငြိမ်းကလည်းကောင်း ဆုများချီးမြှင့်ပေးသည်။

မြန်မာစာရေးဆရာကလပ်၏ (၂)နှစ်မြောက် အထိမ်းအမှတ် အကြိုက်ဆုံးစာအုပ်ဆုအတွက် ငွေကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်၊ အကြိုက်ဆုံးစာမူဆုအတွက် ငွေကျပ် ငါးသိန်း၊ ဆုတံဆိပ်နှင့်စာအုပ် ထုတ်ဝေပေးမည်ဖြစ်ကြောင်း မြန်မာစာရေးဆရာကလပ်မှ သိရသည်။

ဆက်လက်၍ ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား မြန်မာစာရေးဆရာကလပ် ဗဟိုကော်မတီဝင် ဟောပြော၊ စည်းရုံးရေးတာဝန်ခံ ဆရာဆောင်းဝင်းလတ်က ဆုရစာအုပ်နှင့် စာမူဆုများအပေါ် အကဲဖြတ်သုံးသပ်တင်ပြသည်။

ဆရာဆောင်းဝင်းလတ်က "ဆရာမ နှင်းဆီအောင်ရဲ့ တဆတ်ဆတ်တုန်ခါနေသော ချောတိုင်တက်သူများနှင့် အခြားဝတ္ထုတိုများ စာအုပ်ရေးဖွဲ့ရာမှာ စာရေးသူရဲ့ ရင်တွင်းခံစားမှု ပါရှိတာကိုတွေ့ရပါတယ်။ လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လူ့လောက၊ လူ့ပတ်ဝန်းကျင်ကို သင့်တင့်မျှတစွာ ရွေးချယ်သွားတာကို တွေ့ရှိရပါတယ်။ စာရေးသားမှု အနုပညာပိုင်းမှာလည်း အားကောင်းတာကို တွေ့ရှိရပါတယ်။ ကိုယ်ပိုင်စာရေးဟန်ကိုလည်း တွေ့ရပါတယ်။ ဇာတ်ကောင်ပြောစကား၊ ဝါကျအသုံးအနှုန်း၊ စကားလုံးရွေးချယ်မှု ကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် အကောင်းဆုံးစာအုပ်ဆု ပေးတာပါ။

"ဆရာမသဉ္ဇာလှိုင်(လားရှိုး)ရဲ့ တောင်တန်းများ၏ မနက်ဖြန်ဝတ္ထုရှည်က ဝတ္ထုတစ်ပုဒ်အင်္ဂါရပ်နဲ့ ပြည့်စုံတဲ့ ဆွဲဆောင်မှုရှိတဲ့ ရသဝတ္ထုရှည်တစ်ပုဒ်ဖြစ်တာ တွေ့ရပါတယ်။ ခြုံငုံသုံးသပ်ကြည့်တဲ့အခါမှာတော့ လုံးချင်းဝတ္ထုစာမူအဆင့်မီတာကို အားလုံးက သုံးသပ်မိပါတယ်။ အကြောင်းအရာပိုင်းကတော့ မြန်မာနိုင်ငံကနေ ရွှေ့ပြောင်းအလုပ်သမားတွေ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ သွားပြီး အလုပ်လုပ်တဲ့အခါမှာ လူငယ်တွေရဲ့ မြန်မာမိသားစု အချင်းချင်းစောင့်ရှောက်အပ်တဲ့ အကြောင်းတရားတွေ၊ ဝတ္ထုစာအုပ်မှာပါတဲ့ လူငယ်သုံးဦးရဲ့ ချစ်ခြင်းမေတ္တာ အကြောင်းတရားတွေ၊ တစ်ယောက်နဲ့ တစ်ယောက် ထားရှိအပ်တဲ့ ကိုယ်ချင်းစာတရားတွေ၊ သူတို့ရဲ့လူမှုဘဝပတ်ဝန်းကျင်ကို သွက်သွက်လက်လက် ရေးသားထားတာတွေ့ရပါတယ်။ စာဖတ်သူကို စိတ်လှုပ်ရှားစရာဖြစ်အောင်လည်း ဆွဲဆောင်ရေးသားထားတဲ့ စာရေးဟန်ကို တွေ့ရတဲ့အတွက် မြန်မာစာရေးဆရာကလပ်ရဲ့ အကောင်းဆုံးစာမူဆုကို ချီးမြှင့်တာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာစာရေးဆရာကလပ်၏ ဥက္ကဋ္ဌအဖြစ် ဆရာကောင်းသန့်က တာဝန်ယူပြီး ဆရာမင်းယုဝေ၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာဂုဏ်ထူးဦးသိန်းနိုင်နှင့် ဆရာဒေါက်တာသိန်းလွင်တို့က နာယကများအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာစာရေးဆရာကလပ်သည် မြန်မာနိုင်ငံ ပြည်သူ့နီတိပြန့်ပွားထွန်းကားရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ညွန့်ကိုကို**
**ဓာတ်ပုံ-ဖိုးထောင်**

**❒ ရှုံးထွက်ပြိုင်ပွဲမှ**

ရန်ကုန်၌ ပထမဆုံးကစားသည့်ပွဲတွင် အနည်းငယ်ရှုံးကန်ခဲ့ရသော်လည်း နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။ ဇွဲကပင်အသင်းမှာမူ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်မကောင်းသလို ရှုံးထွက်ပြိုင်ပွဲမှလည်း ထွက်ခွာခဲ့ရပြီဖြစ်သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားများ အပါအဝင် လူစုံနီးပါးအသုံးပြုခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး ကစားကွက်တည်မရဖြစ်နေပြီး ၂၈ မိနစ်တွင် ရခိုင်အသင်း ဦးဆောင်ဂိုးရကာ တည်ငြိမ်မင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်း၏ ဦးဆောင်မှုမှာ အနည်းငယ်သာကြာခဲ့ပြီး သုံးမိနစ်အကြာတွင် ဇွဲကပင်အသင်း ချေပဂိုးပြန်ရကာ စစ်မုန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ခံစစ်အမှားမရှိအောင် ကစားနိုင်ခဲ့၍ ရခိုင်အသင်း အခွင့်မသာဘဲ ၅၈ မိနစ်တွင် ဂိုးထပ်ပေးလိုက်ရသည်။ ဇွဲကပင်အသင်းတွင် ဦးဆောင်ဂိုးကို ဇွန်မိုးအောင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဇွဲကပင်အသင်းက အနိုင်ရလဒ်ထိန်းရန် ကြိုးပမ်းခဲ့ရာ ရခိုင်အသင်း အခွင့်အရေး ပြန်ရလာပြီး ၈၁ မိနစ်တွင် ဇော်သိန်းဝင်းက ချေပဂိုးပြန်သွင်းခဲ့သည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း ဂိုးထပ်မသွင်းနိုင်၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရခိုင်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် လေးလုံးကန်သွင်းရာ သက်ထွန်းအောင်၊ ဆင်မြူရယ်၊ ဇော်သိန်းဝင်းနှင့် ချမ်းဦးတို့ အားလုံး ဂိုးဝင်ပြီး ဇွဲကပင်အသင်းက ငါးလုံးကန်သွင်းရာ သက်ပိုင်ထွေး၊ ပက်ထရစ်နှင့် ဇင်မင်းထွန်းတို့သာ ဂိုးဝင်ပြီး ကင်မ်နှင့် အောင်ဝဏ္ဏစိုးတို့ ဂိုးမဝင်၍ ဇွဲကပင်အသင်း ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး သုံးမိနစ်တွင် နိုင်နိုင်ကျော်၊ မိနစ် ၈၀ တွင် အောင်မြင့်ထွန်း၊ ၉၀+၂ မိနစ်တွင် အောင်ဇော်မြင့်က သွင်းယူခဲ့သည်။ မကွေးအသင်းသည် ကွာတားဖိုင်နယ်တွင် ရခိုင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဟောင်း ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစနှင့် ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်တွင် ဟံသာဝတီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် ဂိုးများကို ၁၄ မိနစ်တွင် ဒွေးကိုကိုချစ်၊ မိနစ် ၈၀ တွင် ရွှေကိုတို့က သွင်းယူခဲ့သည်။ ဒုတိယအဆင့် လက်ကျန်ပွဲများကို မေ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**❖ အမျိုးသမီးလိဂ်ပြိုင်ပွဲမှ**

ဂိုးရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်းက ဆက်တိုက်ဖိကစားသွားပြီး ခုနစ်မိနစ်တွင် ခင်မိုးဝေ၊ ၁၅၊ ၃၀ မိနစ်တွင် ဂျူလိုင်ကျော်၊ ၁၇၊ ၂၃၊ ၄၂ မိနစ်တွင် နီလာဝင်းတို့က သွင်းယူ၍ ပထမပိုင်းမှာပင် ခုနစ်ဂိုးရရှိထားသည်။ တက္ကသိုလ်အသင်းအတွက် ချေပဂိုးကို မိနစ် ၂၀ တွင် အိစန္ဒာအောင်က သွင်းယူခဲ့သည်။ ဂိုးပြတ်အနိုင်ရနေသည့် သစ္စာအားမာန်အသင်းသည် ဒုတိယပိုင်းတွင် တစ်ဂိုးသာထပ်ရပြီး ၅၈ မိနစ်တွင် ဂျူလိုင်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ဂန္ဓမာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် လေးပွဲမြောက်နိုင်ပွဲရခဲ့ပြီး အဆင့် (၄)နေရာတွင် ဆက်လက်ရပ်တည်နေသည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် ဂိုးများကို ၂၀၊ ၆၉ မိနစ်တွင် မိုးမိုးသန်း၊ ၇၂ မိနစ်တွင် သီတာဝင်းတို့က သွင်းယူကာ ဂန္ဓမာအသင်းအတွက် ချေပဂိုးကို ၈၆ မိနစ်တွင် အိစန္ဒာဇော်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို မေ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ YREO အသင်းနှင့် မြဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဩစတြီးယားနိုင်ငံသံရုံး ဒုတိယအကြီးအကဲနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ




**နေပြည်တော်  မေ  ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Ms. Judith Schildberger နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတွင်းနေထိုင်သူ အားလုံးကို Biographic နှင့် Biometric Data များ ကောက်ယူပြီး လူတစ်ဦးချင်းစီကို Unique ID နံပါတ်သတ်မှတ်ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များအပေါ် အကူအညီပေးနိုင်ရေးအတွက် ပြီးခဲ့သည့် မတ်လအတွင်း မိမိနှင့်ဩစတြီးယားနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့မှု၊ ဧပြီလအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်နိုင်ငံခရီးစဉ်တွင် ဩစတြီးယားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ UID Project (Unique Identification) စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ကူညီထောက်ပံ့နိုင်မည့် ရန်ပုံငွေအစီအစဉ်များနှင့် လုပ်ငန်းစီမံချက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့မှု၊ ဩစတြီးယားနိုင်ငံ၏ UID ဆိုင်ရာ နည်းပညာများအား အပြည့်အဝမျှဝေပေးနိုင်ရေးနှင့် မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းစီမံချက်အား မြန်မာ-ဩစတြီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း နီးကပ်စွာ အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း နော်ဝေနိုင်ငံ သံအမတ်ကြီး၊ ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms.Tone Tinnes အား လက်ခံတွေ့ဆုံ၍ Project Bank တွင် အစိုးရဘက်မှ ထောက်ပံ့ပေးနိုင်သည့်ကိစ္စရပ်များ၊ အလယ်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးသည်။**(ဝဲပုံ)**

**ဆွေးနွေး**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mrs. Dorothee Janetzke-Wenzel အား လက်ခံတွေ့ဆုံ၍ အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ကြွေးမြီဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ Project Bank နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အီးယူ-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့်စပ်လျဉ်း၍ လတ်တလော အီးယူ-မြန်မာ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဏိပူရ်မြစ်ကူး(ဒါတ်တား)တံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်  မေ  ၈**

မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်းအရ အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယအကြိမ် အထောက်အပံ့ ရန်ပုံငွေကျပ်သန်း ၅၁၀ ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ချင်းပြည်နယ် တီးတိန်မြို့နယ် မဏိပူရ်မြစ်ကူး(ဒါတ်တား)(၃၀၀×၁၄)ပေ သံမဏိသံပေါင်ကြိုးတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါတံတား၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Sauraid Kumar၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မဏိပူရ်မြစ်ကူး (ဒါတ်တား) တံတားသစ်တည်ဆောက်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Sauraid Kumar၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက မဏိပူရ်မြစ်ကူး(ဒါတ်တား)တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားပေါ်မှဖြတ်သန်း၍ ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယအကြိမ် အထောက်အပံ့ ရန်ပုံငွေဖြင့် ချင်းပြည်နယ်တွင် လမ်း၊ တံတားလုပ်ငန်း ၁၃ ခု၊ ပညာရေးလုပ်ငန်း သုံးခု စုစုပေါင်းလုပ်ငန်း ၁၆ ခုအား ခွင့်ပြုငွေကျပ် ၃၉၇၆ ဒသမ ၃၆၁ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တတိယအကြိမ် အိန္ဒိယသမ္မတနိုင်ငံ၏ အထောက်အပံ့ ရန်ပုံငွေဖြင့်လည်း လမ်း၊ တံတားလုပ်ငန်း ကိုးခု၊ ပညာရေးလုပ်ငန်း ငါးခု စုစုပေါင်း လုပ်ငန်း ၁၄ ခုအား ငွေကျပ် ၃၆၈၇ ဒသမ ၆၂၉၈ သန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်နေလူငယ်များ ပညာသင်ကြားနိုင်ရေး မူကြိုကျောင်းဆောက်လုပ်

**မိုင်းပျဉ်း  မေ  ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် မိုင်းမန်းကျေးရွာအုပ်စု အေးဆန်ကျေးရွာတွင် ကလေးလူငယ်များအတွက် မူကြိုကျောင်းဆောက်လုပ်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

မူကြိုကျောင်း ဆောက်လုပ်ရာသို့ လုပ်ငန်းများ အချိန်မီပြီးစီးစေရန်နှင့် စံချိန်စံညွှန်းပြည့်မီစေရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအီးရှာမွေသည် မေ ၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများ လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ မူကြိုကျောင်းအား မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅၄၂၈၀၀၀ စုစုပေါင်းငွေကျပ် ၁၅၄၂၈၀၀၀ ဖြင့် RC တစ်ထပ်တိုက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ တောင်ကြီးမြို့တွင် လေးရက်ကြာဒေသစာရီ ကြွချီအပူဇော်ခံမည်

**ဝမ်းတွင်း မေ ၈**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား ရှမ်းပြည်နယ် တောင်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း အားကစားခန်းမတွင် မေ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာ အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်မောင်မောင်စိုးက "မေ ၉ ရက်မှာ ဝမ်းတွင်းမြို့ကနေ တောင်ကြီးမြို့ကို ပင့်ဆောင်ပူဇော်မှာဖြစ်ပြီး တောင်ကြီးမြို့လွတ်လပ်ရေးကျောက်တိုင်ကွင်းအားကစားခန်းမမှာ လေးရက်တာ အပူဇော်ခံထားရှိမှာပါ။ မေ ၁၁ ရက်ညမှာ ဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်သွားမှာပါ။ မေ ၁၂ ရက်မှာတော့ တောင်ကြီးမြို့ကနေ ကယားပြည်နယ် လွိုင်ကော်မြို့ကို ဆက်လက်ပြီး ဒေသစာရီကြွချီအပူဇော်ခံသွားမှာပါ"ဟု ပြောသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ခုနစ်ရက်သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့မှ ဝမ်းတွင်းမြို့သို့ ပင့်ဆောင်ပူဇော်ပြီး ဝမ်းတွင်းမြို့ရှိ မြတ်ညီနောင်ဘုရား၌ ရင်ငွေ့လှုံကာ သဲတော-ဝမ်းတွင်းမှ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မဟာဓမ္မဗိမာန်တော်ကြီးတွင် အပူဇော်ခံထားရှိသည်။

ယနေ့ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းသာယာမှုရရှိစေရန် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ ဒေသခံတရားချစ်ခင်သူတော်စင်များက တရားတော်ကို ရိုသေစွာနာယူ ကြည်ညိုကြသည်။

**သတင်းစဉ်**



ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့တွင် ဆရာတော်၊ သံဃာတော်များက စကျင်ဗုဒ္ဓရုပ်ပွားတော်များအား ဘုရားအနေကဇာတင် ရွတ်ဖတ်ပူဇော်စဉ်။

# ရခိုင်ပြည်နယ် ငါး၊ ပုစွန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများဖွင့်လှစ်၊ သုတေသနလုပ်ငန်းများဆောင်ရွက်



**စစ်တွေ မေ ၈**

ငပလီကမ်းခြေ၌ ကျင်းပခဲ့သော Rakhine State Investment Fair တွင် ထိုင်းနိုင်ငံ IBERD အဖွဲ့အစည်းနှင့် လက်မှတ်ရေးထိုးခဲ့သည့် Project Proposal ၏ နောက်ဆက်တွဲလုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်ခြင်းအနေဖြင့် ရခိုင်ပြည်နယ် ငါး၊ ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနဆောင်ရွက်ခြင်းနှင့် လက်တွေ့သင်တန်းပို့ချခြင်းကို ယနေ့နံနက် ၈ နာရီခွဲတွင် စစ်တွေဟိုတယ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ယခုဖွင့်လှစ်သည့်သင်တန်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်ထိုင်းနိုင်ငံ IBERD အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ပြည်နယ်အတွင်း ငါး၊ ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပေးခြင်း၊ ပြည်နယ်နှင့်သင့်လျော်ကိုက်ညီသည့်ပုံစံမွေးမြူရေးဖြစ်ထွန်းလာစေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ၎င်းပုံစံသစ်ကို အလားအလာရှိသည့် ဒေသများတွင် လက်တွေ့သင်တန်းများပို့ချခြင်းနှင့် ဒေသခံများ Farming စနစ်ဆောင်ရွက်ရန် မွေးမြူရေးလုပ်ငန်းများအပေါ် ကြီးကြပ်အကဲဖြတ်ခြင်းစသည့် အဆင့်လေးဆင့်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ခေတ်နောက်ကျနေသည့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးချပြီး မိရိုးဖလာနည်းစနစ်များမှ ပြောင်းလဲဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ကြောင်း၊ တက်ရောက်လာကြသော ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များကလည်း ရရှိပြီးသား အတွေ့အကြုံများ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး သင်တန်းမှရရှိသော ပညာရပ်များ၊ သင်ခန်းစာများနှင့် အတွေ့အကြုံများကို အသုံးချပြီး ပြည်နယ်၏ ငါး၊ ပုစွန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အားသွန်ခွန်စိုက် ကြိုးစားကြစေလိုကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း တတ်နိုင်သလောက် ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် IBERD မှ အုပ်ချုပ်မှုဒါရိုက်တာ Mrs. Natee Chuansanit က သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူးများနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းရှင် ၇၀ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ IBERD အဖွဲ့အစည်းမှ မွေးမြူရေးပညာရှင်များက စာတွေ့လက်တွေ့ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ အပူရှောင်စခန်းများ ဖွင့်လှစ်မည်

**ပခုက္ကူ မေ ၈** ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပခုက္ကူမြို့ ၁၄ ရပ်ကွက်တွင် အပူရှောင်စခန်းနှစ်ခုကို မေလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

ပခုက္ကူမြို့ ၁၄ ရပ်ကွက် စနစ်သစ်ပုထိုးတိုက်ဘုန်းတော်ကြီးကျောင်းအတွင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဆရာတော် ဦးကောသလ္လ (ပုလဲဖြူငါ့သရောက်)နှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ၁၀ ပေပတ်လည် ထန်းရွက်တဲ အလုံး ၂၀ တည်ဆောက်လျက်ရှိသည်။ မေ ၁၀ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး အပူရှောင်စခန်းနှင့်ပတ်သက်၍ လာရောက်တည်းခိုနေထိုင်ခြင်း၊ ပံ့ပိုးလှူဒါန်းခြင်းပြုလုပ်လိုပါက ဆရာတော် ဦးကောသလ္လ ဖုန်း ၀၉-၂၃၀၂၀၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ အလားတူ ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံကြီးကြပ်ရေးကော်မတီက အမှတ် ၁၄ ရပ်ကွက် သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံတွင် အပူရှောင်စခန်းကို မေ ၉ ရက်မှ စတင်လက်ခံမည်ဖြစ်ပြီး လာရောက်နားခိုခြင်း၊ အပူရှောင်သူများအား ကုသိုလ်ပြုခြင်းများ ဆောင်ရွက်လိုပါက ဦးတင်အောင်ကြည် ဖုန်း ၀၉- ၇၉၀၈၈၃၁၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုဇော်(ခတု)**

12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး







➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။



➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။

ဖုန်း--၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉--၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဘာစီလိုနာကို လေးဂိုးပြတ်နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့တာကြောင့် ချန်ပီယံလိဂ်သမိုင်းမှာ မမေ့နိုင်စရာဖြစ်ခဲ့တဲ့ လီဗာပူး

လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းကို အိမ်ကွင်းအန်ဖီးလ်မှာ ဧည့်ခံကစားခဲ့ရာ လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီလိုအနိုင်ရရှိခဲ့တာဟာ လီဗာပူးအသင်းအတွက်တော့ ချန်ပီယံလိဂ်သမိုင်းမှာ မမေ့နိုင်စရာညတစ်ညလည်းဖြစ်လာခဲ့ပါတယ်။

နည်းပြကလော့ရဲ့လီဗာပူးအသင်းဟာ ပထမအကျော့ပွဲစဉ်မှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီလိုရှုံးနိမ့်ခဲ့တာကနေ လေးဂိုးပြတ်နဲ့ ဒုတိယအကျော့မှာ အနိုင်ရရှိခဲ့တာဟာ မယုံကြည်နိုင်လောက်အောင် ကောင်းမွန်ခဲ့တဲ့လီဗာပူးအသင်းရဲ့ ခြေစွမ်းပိုင်းကို မြင်တွေ့ခဲ့ရပါတယ်။ အခုဒုတိယအကျော့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၇ မိနစ်နဲ့ ၇၉ မိနစ်မှာ အိုရီဂီက သွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၅၄ မိနစ်နဲ့ ၅၆ မိနစ်တို့မှာ ဝစ်နယ်လ်ဒမ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။

အခုလိုအနိုင်ရရှိခဲ့တာနဲ့ ပတ်သက်ပြီး လီဗာပူးအသင်းနည်းပြကလော့က "ကျွန်တော့်ရဲ့ကစားသမားတွေ ဘယ်လိုတွေ စွမ်းဆောင်ပြခဲ့တယ်ဆိုတာတောင် ကျွန်တော်မသိခဲ့ပါဘူး။ အံ့အားသင့်ဖွယ်ခြေစွမ်းမျိုးကို ပိုင်ဆိုင်ထားကြတာပါ"လို့ ဆိုပါတယ်။

အခုပွဲစဉ်ပြီးချိန်မှာ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ် ချန်ပီယံဖြစ်နိုင်တယ်လို့တောင် မန်ယူအသင်း နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဖာဒီနန်က မှတ်ချက်ပေးထားပါတယ်။

လီဗာပူးအသင်းဟာ ဘာစီလိုနာအသင်းကို အနိုင်ရရှိကာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့တာကြောင့် နှစ်နှစ်ဆက်တိုက်ဗိုလ်လုပွဲတက်လှမ်းနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ဘာစီလိုနာအသင်းမှာ မက်ဆီ၊ ဆွာရက်ဇ်၊ ကော်တင်ဟို၊ ရာကီတစ်၊ ဘတ်စကွက်၊ ဗီဒယ်လ်စတဲ့ ကစားသမားကောင်းတွေပါဝင်လာခဲ့ပေမယ့် လီဗာပူးအသင်းမှာတော့ ပွဲတိုင်းလိုလိုအားထားနေရတဲ့ မိုဟာမက်ဆာလာ၊ ဖာမီနိုတို့လို ကစားသမားကောင်းတွေ မပါဝင်ခဲ့ဘဲ လီဗာပူးအသင်း အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ခြောက်နှစ်ကာလအတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲတွေမှာ တိုက်စစ်မှူး မက်ဆီ သို့မဟုတ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ တစ်ဦးမဟုတ်တစ်ဦး မပါဝင်တဲ့ပွဲစဉ်တွေမရှိခဲ့ပေမယ့် အခုနှစ်မှာတော့ စီရိုနယ်လ်ဒိုပါဝင်ကစားနေတဲ့ ဂျူဗင်တပ်အသင်းဟာ အေဂျက်ကို ရှုံးနိမ့်ခဲ့လို့ ဗိုလ်လုပွဲအထိ မရောက်ခဲ့ရသလို တိုက်စစ်မှူး မက်ဆီပါဝင်နေတဲ့ ဘာစီလိုနာအသင်းကလည်း အခုလီဗာပူးကို ရှုံးနိမ့်ခဲ့ရတာကြောင့် ခြောက်နှစ်တာကာလအတွင်း အဲဒီကစားသမားနှစ်ဦးထဲက တစ်ဦးမှ မပါဝင်တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မြင်တွေ့ရတော့မှာလည်းဖြစ်ပါတယ်။






# တိုက်စစ်မှူး အမ်ဘတ်ပီအား ယူရိုသန်း ၂၈၀ ဖြင့် ရီးယဲလ်ကမ်းလှမ်း

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်ဘောလုံးရာသီမှာ အသင်းကို တောင့်တင်းတဲ့အသင်းတစ်သင်း ဖြစ်လာရေးအတွက် ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်ရာ လက်ရှိတွင် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူဖို့ကမ်းလှမ်းထားတယ်လို့ဆိုပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းအနေနဲ့ လာမယ့်ဘောလုံးရာသီအတွက် ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်၊ မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာတို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီကိုပါ ခေါ်ယူဖို့ ပြင်ဆင်လာတာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်းကနေ ခေါ်ယူခဲ့တဲ့ တိုက်စစ်မှူး နေမာဟာ ယူရို ၂၂၂ သန်းနဲ့ ဈေးအမြင့်ဆုံးကစားသမားဖြစ်ခဲ့ပြီး လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းက အမ်ဘတ်ပီကို ယူရိုသန်း ၂၈၀ အထိပေးပြီး ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ဒါပေမယ့် ပီအက်စ်ဂျီအသင်းကတော့ တိုက်စစ်မှူး အမ်ဘတ်ပီကို ရောင်းချဖို့အစီအစဉ်မရှိသေးဘူးလို့ ဆိုပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

❖ မန်ယူအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဆန်ချိုအား ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

❖ ရီးယဲလ်မက်ဒရစ်အသင်းသည် ဟာဇက်အား ခေါ်ယူရန် နှစ်ကြိမ်တိုင်တိုင်ကမ်းလှမ်းထားသော်လည်း ချယ်လ်ဆီးအသင်းက ငြင်းဆိုထားကြောင်း သိရသည်။

❖ လီဗာပူးအသင်းနည်းပြ ကလော့သည် ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား အဆန်စီယိုအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

## အနုပညာ

# တောင်ကိုရီးယားမင်းသမီးဟန်ဂျီဆွန်း ယာဉ်တိုက်မှုကြောင့် ကွယ်လွန်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဟန်ဂျီဆွန်းဟာ လတ်တလောမှာ ယာဉ်တိုက်မှုကြောင့် ကွယ်လွန်သွားခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ ဟန်ဂျီဆွန်းဟာ ကွယ်လွန်ချိန်မှာတော့ အသက် ၂၀ ကျော်သာရှိသေးတယ်လို့လည်း သိရပါတယ်။

ဟန်ဂျီဆွန်းဟာ မေ ၆ ရက်က ယာဉ်တိုက်မှုကြောင့် ကွယ်လွန်ခဲ့တာဖြစ်ပြီး ဒီသတင်းတွေကိုတော့ မေ ၈ ရက်ကမှ တရားဝင်ရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အသွား အဝေးပြေးလမ်းမပေါ်မှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာဖြစ်ပြီး ဟန်ဂျီဆွန်းကိုတော့ ကားနှစ်စီးက ဆင့်တိုက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒေသခံရဲတွေရဲ့ ပြောကြားချက်အရ ဟန်ဂျီဆွန်းဟာ ခင်ပွန်းဖြစ်သူနဲ့အတူ ခရီးသွားခဲ့တာ ဖြစ်ပါတယ်။ အဝေးပြေးလမ်းမကြီးထက်မှာ ဒုတိယမျဉ်းပေါ်မှာ ယာဉ်ကို ရပ်ထားခဲ့တာဖြစ်ပြီး ယာဉ်အနားမှာ ရပ်နေတဲ့ ဟန်ဂျီဆွန်းကို အခြားသော အငှားယာဉ်တစ်စီးက ဝင်တိုက်ခဲ့တာကြောင့် ပထမမျဉ်းနားကို လွင့်ကျခဲ့စဉ်မှာ နောက်ထပ်ယာဉ်တစ်စီးက ထပ်မံတိုက်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဟန်ဂျီဆွန်းရဲ့ခင်ပွန်းဖြစ်သူဟာ ယာဉ်ကိုအဝေးပြေးလမ်းမရဲ့ ဒုတိယမျဉ်းမှာရပ်ထားပြီး ရုတ်တရက် ကားပေါ်ကဆင်းခဲ့ကြောင်း၊ ဒါကြောင့် ဟန်ဂျီဆွန်းလည်း လိုက်ပါဆင်းခဲ့ကြောင်းနဲ့ ဒီလိုလမ်းလယ်ကောင်မှာရှိနေတဲ့ ဟန်ဂျီဆွန်းကို အခြားသော ယာဉ်တွေက ဝင်တိုက်မိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

လက်ရှိအချိန်အထိတော့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရတဲ့ အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေကာ တိုက်သွားခဲ့တဲ့ ယာဉ်တွေကိုလည်း စောင့်ကြည့်ကင်မရာတွေနဲ့ ကားရဲ့ကင်မရာကနေ တစ်ဆင့် ဖော်ထုတ်စုံစမ်းနေတယ်လို့လည်း သိရပါတယ်။



အေးပြည့်-စုစည်းသည်

ပထမဆုံး ရင်သွေးဖြစ်တဲ့ မင်းသားလေးကို မွေးဖွားပြီးနောက် နှစ်ရက်အကြာ မေ ၈ရက်မှာ မင်းသား ဟယ်ရီနဲ့ မက်ဂန်မာကယ်လ်တို့က ဝင်ဆာနန်းတော် စိန့်ဂျော့ဂျ်ခန်းမတွင် မင်းသားလေးကို အများပြည်သူနဲ့ ပထမဆုံးအကြိမ် မိတ်ဆက်ပေးခဲ့စဉ်။



# ပြုံယမ်း၏ ဒုံးလက်နက်များပစ်လွှတ်မှုအပေါ် သမ္မတထရန့်နှင့် သမ္မတမွန်းဂျယ်အင်းတို့ အမြင်ချင်းဖလှယ်



**ဝါရှင်တန် မေ ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယား သမ္မတ မွန်းဂျယ်အင်းတို့သည် မကြာသေးမီက မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှုများနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၇ ရက်တွင် ခေါင်းဆောင်နှစ်ဦးက ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နာရီဝက်ခန့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မေ ၄ ရက်က ပြုံယမ်း၏ ဒုံးကျည်များ ပစ်လွှတ်မှုနှင့်ပတ်သက်ပြီး အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်များ အဆုံးသတ်နိုင်ရေးအတွက် မည်သို့ကိုင်တွယ်ဖြေရှင်းမလဲဆိုသည့် အကောင်းဆုံးနည်းလမ်းများကို ခေါင်းဆောင်နှစ်ဦးက အမြင်ချင်းဖလှယ်ခဲ့ကြသည်ဟု အိမ်ဖြူတော်က ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိရာမှ လမ်းကြောင်းပြောင်းကာ ဒုံးကျည်ပစ်ခတ်မှုများကို ပြန်လည်လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံအား ဆွေးနွေးပွဲများသို့ ပြန်လည်ခြေဦးလှည့်လာစေရန် လုပ်ဆောင်ရမည့်နည်းလမ်းကောင်းများကို ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဆိုသည်။

မြောက်ကိုရီးယား၏ နောက်ဆုံးအကြိမ် ဒုံးကျည်ပစ်ခတ်မှုများနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ထရန့်က သဘောထားမပြောင်းလဲဘဲ အကောင်းမြင်ဝါဒ ကိုင်ဆောင်ထားသည့်အတွက် အမေရိကန်သမ္မတထရန့်၏ တုံ့ပြန်ချက်ကို သမ္မတမွန်းက ချီးကျူးစကားဆိုခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဆက်လက်ပြောကြားခဲ့သည်။

ပြုံယမ်း၏ နောက်ထပ်လုပ်ဆောင်မည့် အခြေအနေများကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသို့ လူသားချင်းစာနာထောက်ထားသည့် အစားအစာများနှင့် ထောက်ပံ့ပစ္စည်းများကို တောင်ကိုရီးယားနိုင်ငံက ပေးပို့မည့်အစီအစဉ်နှင့် ပတ်သက်ပြီး အပြုသဘောဆောင်သည့် လုပ်ရပ်ဖြစ်သည့်အပြင် အချိန်အခါသင့်သည်ဟု သမ္မတထရန့်က ဆိုသည်။

မြောက်ကိုရီးယားပစ်လွှတ်ခဲ့သည့် ဒုံးကျည်များတွင် တိုက်ချင်းပစ်ဒုံးလက်နက်များ ပါဝင်သည်ဆိုသည်နှင့် ပတ်သက်ပြီး အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများက အသေးစိတ်လေ့လာဆန်းစစ်လျက်ရှိသည်။

အကယ်၍ တိုက်ချင်းပစ်ဒုံးလက်နက်များ ပါဝင်မည်ဆိုပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဖြေရှင်း ချက်များကို ပြုံယမ်းအနေဖြင့် ချိုးဖောက်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အီရတ်သို့ မကြေညာဘဲ သွားရောက်

**ဘဂ္ဂဒက် မေ ၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် မေ ၇ ရက်တွင် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်သို့ မကြေညာဘဲ သွားရောက်ခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် ၎င်း၏ ခရီးစဉ်အတွင်း၌ အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများရှိနေစဉ်တွင် ဒေသတွင်း၌ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ အီရတ်ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

အမေရိကန်က အီရန်နိုင်ငံ၏ ပို့ကုန်များအပေါ် တားမြစ်မှုများလုပ်ဆောင်ပြီးနောက် ဒေသတွင်း၌ လှုပ်ရှားမှုများ မြင့်တက်လာခြင်းကြောင့် မိမိအနေဖြင့် အီရတ်နိုင်ငံသို့ ရုတ်တရက်ခရီးထွက်လာခြင်းဖြစ်ကြောင်း အီရတ်ခေါင်းဆောင်များနှင့် ဆွေးနွေးမှုအပြီးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

အမေရိကန်အကျိုးစီးပွားများကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း အီရတ်ခေါင်းဆောင်များက ကတိပြုခဲ့သည်ဟု ပွန်ပီယိုက ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် မေ ၇ ရက်တွင် ဂျာမနီနိုင်ငံသို့သွားရောက်ရန်ရှိသည့် ခရီးစဉ်ကို ရုတ်ခြည်းဖျက်သိမ်းကာ ဘဂ္ဂဒက်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အီရန်အဏုမြူလက်နက်ပိုင်ဆိုင်ရေးကို အစ္စရေးက ခွင့်ပြုမည်မဟုတ်ဟုဆို

**ဂျေရုဆလင် မေ ၈**

အီရန်နိုင်ငံ၏ အဏုမြူလက်နက် ရယူပိုင်ဆိုင်ရေး လုပ်ဆောင်မှုများကို အစ္စရေးနိုင်ငံက ခွင့်ပြုလိမ့်မည်မဟုတ်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မေ ၈ ရက်တွင် သန္နိဋ္ဌာန်ပြု ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ်အတွင်းက အနောက်အင်အားကြီးနိုင်ငံများနှင့် သဘောတူညီချက်ရရှိထားသည့် အီရန်၏ စာချုပ်ပါ အဏုမြူဆိုင်ရာလုပ်ဆောင်မှုအပေါ် ကန့်သတ်ချက်များကို စွန့်ပယ်သွားမည်ဟု အီရန်အစိုးရ၏ပြောကြားမှု ထွက်ပေါ်လာအပြီးတွင် အစ္စရေးဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် အီရန်အား အဏုမြူလက်နက်ပိုင်ဆိုင်ရန် ခွင့်မပြုနိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ဟီဘရူးဘာသာဖြင့် ပြောကြားခဲ့သည်။

အစ္စရေး ဝန်ကြီးချုပ်သည် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သည့် စစ်သည်များနှင့် အရပ်သားများအတွက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျင်းပသော အောက်မေ့သတိရပွဲ အခမ်းအနားသို့ တက်ရောက်လာစဉ်တွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနိုင်ငံသည် စစ်ရေးအင်အားအရ ဦးဆောင်နိုင်ငံအဖြစ် ရှိနေပြီး ၎င်းနိုင်ငံတွင် ထုတ်ဖော်ကြေညာခြင်းမရှိသည့် အဏုမြူ လက်နက်များ ပိုင်ဆိုင်လာမည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားသည်။

၂၀၁၅ ခုနှစ် သဘောတူညီချက်အရ အီရန်နိုင်ငံက ယူရေနီယံများအား အဆင့်မြှင့်တင် သန့်စင်သိုလှောင်ခြင်း မပြုရဟူသည့် ဟန့်တားချက်ကို အဆုံးသတ်သွားမည်ဟု အီရန်နိုင်ငံက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

ယင်းသို့ အဆုံးသတ်မည့်ကာလသည် အမေရိကန်က အီရန်အပေါ် ပိတ်ဆို့မှုအသစ်များ ချမှတ်ခြင်းမှ ရှောင်ကွင်းနိုင်ရေးအတွက် အခြားအင်အားကြီး နိုင်ငံများမှ အကူအညီပေးသည်အထိဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံသည် ပါလက်စတိုင်းနှင့် လက်ဘနွန်အခြေစိုက် ရှီးယိုက်ဟစ်ဇ်ဘိုလာအဖွဲ့အပါအဝင် အစ္စရေးအား ဆန့်ကျင်သည့်အုပ်စုများကို အထောက်အပံ့များ ပေးလျက်ရှိသည်။

**အေအက်ဖ်ပီ**






# ပါကစ္စတန်အသေခံဗုံးခွဲတိုက်ခိုက်မှု လူ ၁၀ ဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် မေ ၈**

ပါကစ္စတန်နိုင်ငံ၏အရှေ့ဘက် လာဟိုးမြို့ရှိ အထွတ်အမြတ်ထားသည့် ဗိမာန်တော်တစ်ခုအနီးတွင် မေ ၈ ရက်အစောပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်အများအပြား အပါအဝင် လူ ၁၀ ဦးထက်မနည်းသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြထားသည်။

နိုင်ငံ၏အရှေ့ဘက် လာဟိုးမြို့တွင် ဖြစ်ပွားသည့် အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုမှာ ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်ကြောင်း ပါကစ္စတန်ပိုင် ဒေါန်သတင်းစာက ဖော်ပြထားသည်။

လာဟိုးမြို့ရဲတပ်ဖွဲ့မှ ဒုတိယအကြီးအကဲဖြစ်သူ အာရှဖာ့ခ်အာမက်ခန်၏အဆိုအရ အသေခံဗုံးခွဲတိုက်ခိုက်သူသည် ယင်းဗိမာန်တော်၏ အဓိကဂိတ်ပေါက်နားတွင် ရပ်နေသောရဲတပ်ဖွဲ့၏ဗင်ကားတစ်စီးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဗိမာန်တော်သည် ဝတ်ပြုဆုတောင်းသူတစ်နေ့လျှင် ထောင်နှင့်ချီသွားရောက်လည်ပတ်လျက်ရှိသည့်နေရာဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် အသေခံဗုံးခွဲတိုက်ခိုက်သူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းဟုယူဆရသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကိုတွေ့ရှိရပြီး မှုခင်းဆိုင်ရာဆေးပညာအရ စစ်ဆေးမှုပြုလုပ်ရန် တာဝန်ရှိသူများထံသို့ ပို့ဆောင်ထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ကျိုဒိုနယူးစ်**

# နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်မည်ဟု အီရန်ကြေညာ

**တီဟီရန်  မေ  ၈**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်သည့် သဘောတူညီချက်တစ်ခုမှ တစ်ပိုင်းတစ်စ နုတ်ထွက်ကြောင်း အီရန်နိုင်ငံက ကြေညာလိုက်သည်။ နှစ်လအတွင်း သဘောတူညီချက်သစ်တစ်ရပ်မရရှိပါက အီရန်နိုင်ငံက ပိုမိုအဆင့်မြင့်သော ယူရေနီယမ်သန့်စင်မှု စတင်မည်ဖြစ်ကြောင်း သမ္မတဟတ်ဆန်ရိုဟာနီက ပြောကြားသည်။

အဆိုပါကြေညာချက်ကို နိုင်ငံတကာ၏တင်းမာမှုအစပျိုးနေစဉ် ထုတ်ပြန်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အီရန်နျူကလီးယား သဘောတူညီချက်မှုဘောင်မှ နုတ်ထွက်မည်ဟုကြေညာခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ အီရန်နိုင်ငံက ယင်းသဘောတူညီချက်ကို အခြားငါးနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ပြီး နောက်ပိုင်း အရေးယူမှုပြုလုပ်ရန် အီရန်နိုင်ငံကို ခြိမ်းခြောက်လျက်ရှိသည်။

အီရန်နိုင်ငံ၏ဒုံးကျည်ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စုက အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်တင်သင်္ဘောတစ်စင်းအပါအဝင် တိုက်ခိုက်ရေးရေယာဉ်အုပ်စုတစ်စု ဖြန့်ကြက်လျက်ရှိသည်။ ဗုံးကြဲတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘီ-၅၂ ဗုံးကြဲလေယာဉ်များကိုလည်း စေလွှတ်လျက်ရှိသည်။ အီရန်နိုင်ငံက တာတိုတိုက်ချင်းပစ်ဒုံးကျည်များကို သင်္ဘောများဖြင့် ပါရှန်ပင်လယ်ကွေ့အတွင်း ရွှေ့ပြောင်းခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက သံသယရှိနေသည်ဟု မီဒီယာများက ဖော်ပြခဲ့သည်။

အဆိုပါလုပ်ဆောင်ချက်မှာ အမေရိကန်နိုင်ငံက စစ်သင်္ဘောအုပ်စု စေလွှတ်ရသည့်ဆုံးဖြတ်ချက်ကို ဖြစ်ပေါ်စေခဲ့သည့်အကြောင်းများအနက် တစ်ချက်ဖြစ်ကြောင်း တာဝန်ရှိသူများကိုကိုးကား၍ မီဒီယာများက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ကျော်ထိုက်စိုး**


အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ

# ကာတာနိုင်ငံ၏ ငွေကြေးကူညီမှုကို ပါလက်စတိုင်းသမ္မတ ကျေးဇူးတင်ကြောင်းပြောကြား


ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်

**ရာမာလာ  မေ  ၈**

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့(PA)သို့ ဘဏ္ဍာရေးအကူအညီပေးအပ်မှုအတွက် ကာတာနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောကြားခဲ့သည်ဟု ပါလက်စတိုင်းသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ သန်း ၄၈၀ အကူအညီပေးမှုအတွက် ကာတာစော်ဘွား ရှိတ်ခ်ဘင်ဟာမက်အယ်သာနီကို ကျေးဇူးတင်ရှိကြောင်း၊ အဆိုပါအကူအညီက ပါလက်စတိုင်းပြည်သူများ ရင်ဆိုင်နေရသည့်အခက်အခဲများ ပြေလည်စေရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း အဘတ်စ်က ပြောကြားခဲ့သည်ဟု ပါလက်စတိုင်းသတင်းဌာန၏ ထုတ်ပြန်ချက်မှ သိရသည်။ ချေးငွေများ၊ ထောက်ပံ့ကြေးများဖြစ်သည့် အဆိုပါ ငွေကြေးအကူအညီက ပါလက်စတိုင်းပြည်သူများ အခက်အခဲများကို ကျော်ဖြတ်ရာတွင် အထောက်အကူဖြစ်စေမည်ဟု အဘတ်စ်အား ကိုးကား၍ ပါလက်စတိုင်းသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကို ကုလသမဂ္ဂအစီအစဉ်များတွင် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုနှင့် လျှပ်စစ်ဓာတ်အားပေးဝေရန် ခွဲဝေသုံးစွဲမည်ဖြစ်ပြီး ကျန်ရှိသော အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ ကျန်းမာရေးနှင့် ပညာရေးအစီအစဉ်များကို ပံ့ပိုးကူညီရန် လျာထားမည်ဟု ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူနှစ်ဦးဖြစ်သူ ဟူစိန်အယ်ရှိတ်ခ်နှင့် ဘဏ္ဍာရေးဝန်ကြီး ရှုတ်ခရီဘီရှာရာတို့သည် ပါလက်စတိုင်းပြည်သူများ ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းတင်ပြရန် မကြာသေးမီက ကာတာနိုင်ငံသို့ သွားရောက်ခဲ့သည်။

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သို့ ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ သန်း ၄၈၀ ပံ့ပိုးကူညီမည်ဟု အင်္ဂါနေ့အစောပိုင်းတွင် ကာတာအစိုးရက ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# ဆိုက်ဘေးရီးယား ရေခဲထုလျှောကျမှု လူခုနစ်ဦး ပျောက်ဆုံးနေ

**မော်စကို  မေ  ၈**

အပျော်တမ်းခြေကျင်ခရီးထွက်သူ ခုနစ်ဦးတို့သည် ရုရှားနိုင်ငံ၏ အယ်လ်တိုင်းတောင်တန်းတွင် ရေခဲထုကြီးလျှောကျမှုတစ်ခုဖြစ်ပွားခဲ့ပြီးနောက် ပျောက်ဆုံးသွားကြောင်း ဒေသဆိုင်ရာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါခရီးထွက်သူများသည် သေဆုံးသွားဖွယ်ရှိပြီး ဒေသဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကိုလည်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် အခင်းဖြစ်ပွားရာနေရာသို့ပို့ဆောင်ထားကြောင်း အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။

ဆိုက်ဘေးရီးယားတောင်ဘက် ကာဇက်စတန်နိုင်ငံနယ်စပ်အနီးတွင် မေ ၆ ရက်က ဖြစ်ပွားသည့်ရေခဲထုလျှောကျမှုက အပျော်ခရီးထွက်သူ ကိုးဦးကို ထိခိုက်မိသွားပြီး ၎င်းတို့အနက် နှစ်ဦးမှာ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

လွတ်မြောက်လာသည့် လူနှစ်ဦးက ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မေ ၈ ရက်တွင် ဒေသဆိုင်ရာအာဏာပိုင်များသို့ အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း အယ်လ်တိုင်းဒေသဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲ အန်ဒရေးဘူလာကော့ဗ်က ပြောကြားသည်။

ရေခဲထုသည် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသည်လည်း နှောင့်နှေးကြန့်ကြာနိုင်ဖွယ်ရှိကြောင်း ခရီးထွက်သူများ၏ လမ်းပြဖြစ်သူ ဗလာဒီမာယူဒင်က ပြောကြားသည်။

အပျော်တမ်းခြေကျင်ခရီးထွက်သူများသည် အရွယ်ရောက်ပြီးသူများဖြစ်ကြပြီး အာဏာပိုင်များက အသိအမှတ်ပြုထားသည့် လမ်းကြောင်းအတိုင်းသွားကြကြောင်း၊ အဆိုပါ အပျော်ခရီးထွက်သူများသည် ဆိုက်ဘေးရီးယားဒေသရှိ နိုဗိုဆီဘာ့စ်ခ်မြို့တွင်အခြေစိုက်သည့် အပျော်ခရီးထွက်သူအုပ်စုဝင်များဖြစ်ကြောင်း သိရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဂျေတီ**

# အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်သူ နိုင်ငံခြားသား ၅၀၀ ကျော် စီရင်ချက်ချမှတ်ခံရ

**ဘဂ္ဂဒက်  မေ  ၈**



အီရတ်နိုင်ငံ၏ တရားစီရင်ရေးအာဏာပိုင်အဖွဲ့သည် ၂၀၁၈ ခုနှစ် နှစ်စပိုင်းကတည်းက အိုင်အက်စ်အုပ်စုနှင့်ပူးပေါင်းသည့် နိုင်ငံခြားသား ၅၀၀ ကျော်ကို စီရင်ချက်ချမှတ်ခဲ့ကြောင်း အီရတ်တရားရုံးချုပ်က မေ ၈ ရက်တွင် ကြေညာသည်။

အမျိုးသားနှင့် အမျိုးသမီးများအပါအဝင် နိုင်ငံခြားသား ၅၁၄ ဦးကို အိုင်အက်စ် စစ်သွေးကြွအုပ်စုနှင့် ဆက်နွှယ်မှုဖြင့် အီရတ်တရားရေးအာဏာပိုင်အဖွဲ့က ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ကျန် ၂၀၂ ဦးကို တရားရုံးက စစ်ကြောမေးမြန်းလျက်ရှိကာ ကျန် ၄၄ ဦးကို ရုံးတင်စစ်ဆေးလျက်ရှိသည်။ သို့သော် အခြား ၁၁ ဦးကိုမူ ပြစ်မှုမထင်ရှားသဖြင့် ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားသားများမှာ နိုင်ငံတကာမှဖြစ်ကြပြီး တရားရုံး၏ ထုတ်ပြန်ချက်တွင် ၎င်းတို့၏ အမိနိုင်ငံကို အတိအကျဖော်ပြခြင်းမရှိခဲ့ပေ။

အီရတ်အစိုးရသည် အိုင်အက်စ်စစ်သွေးကြွအုပ်စုအပေါ် ထိုးစစ်ဆင်မှုအောင်မြင်သည်ဟု ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် တရားဝင်ကြေညာခဲ့ပြီး ယင်းအချိန်မှစ၍ အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့်ပူးပေါင်းသည့် နိုင်ငံခြားသား စစ်သွေးကြွများအပေါ် ရုံးတင်စစ်ဆေးမှုများကို စတင်ခဲ့ခြင်းဖြစ်သည်။

အီရတ်တရားစီရင်ရေး အာဏာပိုင်အဖွဲ့သည် အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းသည့် နိုင်ငံခြားသား အိုင်အက်စ်အဖွဲ့ဝင်တချို့ကို သေဒဏ်ချမှတ်လိုက်သည်။

ဘဂ္ဂဒက်မြို့တွင် ရုံးတင်စစ်ဆေးရန် စောင့်ဆိုင်းနေကြသော အိုင်အက်စ်အဖွဲ့ဝင် နိုင်ငံခြားသားများထဲတွင် ဆီးရီးယားနိုင်ငံအတွင်း ဖမ်းဆီးခြင်းခံခဲ့ရပြီး ဖေဖော်ဝါရီလက အီရတ်နိုင်ငံသို့ လွှဲပြောင်းပေးသည့် ပြင်သစ်နိုင်ငံသား ၁၂ ဦးလည်း ပါဝင်သည်။

အိုင်အက်စ်အဖွဲ့ဝင် ဟု သံသယရှိသည့် နိုင်ငံခြားသား ၁၀၀၀ ခန့်ကို ဆီးရီးယားနိုင်ငံ မြောက်ဘက်ရှိ ထိန်းသိမ်းရေးစခန်း တစ်ခုတွင် ထိန်းသိမ်းထားသည်။ အလားတူပင် အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသည့် အမျိုးသမီးနှင့် ကလေးငယ် ၉၀၀၀ ခန့်ကိုလည်း ဆီးရီးယားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းထားကြောင်း သိရသည်။

မြို့တော်ဘဂ္ဂဒက်တွင် နိုင်ငံတကာသံရုံးများတည်ရှိသောကြောင့် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံခြားသားတရားခံများအပေါ် စီရင်ချက်ချမှတ်ရာတွင် ပါဝင်တက်ရောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တရားခံများကို ဘဂ္ဂဒက်မြို့သို့ ပြောင်းရွှေ့ရန် မေ ၈ ရက်က ထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။

အီရတ်နိုင်ငံသည် နိုင်ငံခြားသားများအပြင် အိုင်အက်စ်အဖွဲ့နှင့်ပူးပေါင်းသည့် ၎င်း၏ထောင်နှင့်ချီသော နိုင်ငံသားများကိုလည်း ဖမ်းဆီးထိန်းသိမ်းထားသည်။ ဆီးရီးယားနိုင်ငံမှ လွှဲပြောင်းပေးအပ်သော အီရတ်နိုင်ငံသား ၉၀၀ နီးပါးကိုလည်း စီရင်ချက်ချမှတ်ခဲ့ပြီး ၎င်းတို့အနက် လေးဦးကို သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဂျေတီ**

# AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်နေသူများအား ဆက်လက်စစ်ဆေးဆောင်ရွက်၊ ပတ်သက်ဆက်နွှယ်မှုမရှိသူ ၃၅ ဦးအား ပြန်လည်စေလွှတ်

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာစာသင်ကျောင်းတွင် AA အဖွဲ့နှင့်ပတ်သက်ဆက်နွှယ်သူ မသင်္ကာဖွယ်အမျိုးသား ၂၇၅ ဦးအား တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ခေတ္တထိန်းသိမ်းထားရှိပြီး စစ်ဆေးမေးမြန်းလျက်ရှိရာမှ AA အဖွဲ့နှင့်ပတ်သက်ဆက်နွှယ်မှုမရှိသူ ၁၂၆ ဦးအား မေ ၂ ရက်တွင်လည်းကောင်း၊ ၄၈ ဦးအား မေ ၆ ရက်တွင်လည်းကောင်း ပြန်လည်စေလွှတ်ပေးခဲ့ပြီး ယနေ့တွင် ၃၅ ဦးအား မသင်္ကာဖွယ်စာရင်းမှပယ်ဖျက်ပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

ခေတ္တထိန်းသိမ်းထားသူများမှ စစ်ဆေးမေးမြန်းရန် ကျန်ရှိသူ ၈၃ ဦးအား ဥပဒေနှင့်အညီ အသေးစိတ်ဆက်လက်စစ်ဆေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ရာ AA အဖွဲ့ဝင်ဟု ကိုယ်တိုင်ဝန်ခံခဲ့သည့် သိန်းအေးမောင်၊ စိုးဝင်းကျော်၊ မောင်မောင်လှိုင်၊ ညီညီဌေးတို့ လေးဦး၊ သံသယရှိသူ နှစ်ဦး စုစုပေါင်း ခြောက်ဦးအား မေ ၈ ရက်တွင် စစ်တွေမြို့သို့ ပို့ဆောင်၍ တရားဥပဒေအရ အရေးယူနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်စစ်ဆေးမေးမြန်းလျက်ရှိသည့် ၇၈ ဦးအနက် ၃၅ ဦးမှာ AA အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိကြောင်း ထပ်မံစိစစ်သိရှိရသဖြင့် ယနေ့တွင် မသင်္ကာဖွယ်ရာ စာရင်းမှ ပယ်ဖျက်ခဲ့ပြီး ကျေးရွာမှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများရှေ့မှောက်၌ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသူ ၄၃ ဦးအား ဆက်လက် စစ်ဆေးမေးမြန်းလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**




# ခင်ဦး-မုံရွာ အမှတ် (၆၀)အစုန်လူစီးရထား မုံရွာမြို့တွင် လူစီးတွဲသုံးတွဲ လမ်းချော်မှုဖြစ်

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ခင်ဦးမြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသော အမှတ် (၆၀) လူစီးအစုန်ရထားသည် မေ ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မုံရွာမြို့နယ် အလုံဘူတာနှင့် မုံရွာဘူတာကြား မိုင်တိုင်အမှတ်(၄၆၁/၁၄)နှင့် (၄၆၁/၁၅)ကြားအရောက်တွင် လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"စက်ခေါင်းနောက်သုံးတွဲမြောက် လူစီးတွဲက လမ်းအရှေ့ဘက်ကို ၄၅ ဒီဂရီတိမ်းစောင်းသွားတယ်။ အဲဒီနောက်က မုံရွာ-ပုဇွန်တောင်ကုန်တင်တွဲကတော့ လမ်းအရှေ့ဘက်ခြမ်းမှာတုံးလုံးလဲသွားတယ်။ အဲဒီနောက်က တွဲကတော့ ဘီးအမှတ် (၃)နဲ့(၄)က အတွင်းပိုင်းနဲ့ (၅)နဲ့(၆)က အပြင်ဘက်ကို ကွာကျမှုဖြစ်ခဲ့တယ်။ ခရီးသည်နဲ့ ဝန်ထမ်းတွေတော့ ထိခိုက်မှုမရှိဘူး။ ပြင်ဆင်မှုအပိုင်းကို မန္တလေးက ကရိန်းကိုခေါ်ထားပါတယ်။ လမ်းပိုင်းကတော့ ခေတ္တပိတ်ထားပါတယ်" ဟု မုံရွာဘူတာရုံပိုင်ကြီးက ပြောသည်။

မုံရွာမြို့နယ် အလုံ-မုံရွာလမ်းပိုင်း အမြန်ပြန်လည်ကောင်းမွန်ရေးအတွက် မြန်မာ့မီးရထားဌာနမှ တိုင်းမန်နေဂျာ(သွားလာရေး) ရွှာထောင် စစ်ကိုင်းမြို့နှင့် တိုင်းအင်ဂျင်နီယာ(မြို့ပြ)ရွှာထောင် စစ်ကိုင်းမြို့တို့က ဦးစီးပြီး မုံရွာဘူတာမှ ရုံးပိုင်ကြီးနှင့် ဝန်ထမ်းများက ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ယင်းလမ်းပိုင်းတွင် လက်ရှိပြေးဆွဲနေသော မုံရွာမြို့နယ် အလုံ-ဇောဓိတစ်ထောင် ခရီးစဉ်အား မုံရွာဘူတာမှ ဇောဓိတစ်ထောင်ဘူတာအထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မိတ္ထီလာမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပျက်စီး

**မိတ္ထီလာ မေ ၈**

မိတ္ထီလာမြို့နယ် ကင်ပွန်းချုံကျေးရွာ၌ မေ ၇ ရက် ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ နှစ်ထပ်ကျောင်းဆောင်နှင့် လူနေအိမ်ခုနစ်လုံး အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် တပျော်ကျေးရွာအုပ်စု ကင်ပွန်းချုံကျေးရွာမှ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သွပ်မိုး၊ အုတ်ကာ နှစ်ထပ်ကျောင်းဆောင်၏ အမိုးများလန်ခြင်း၊ ကျေးရွာအတွင်းရှိ လူနေအိမ် ခုနစ်လုံး အမိုးလန် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်၍ ပျက်စီးသည့်နေရာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိုင်းတုံမြို့၌ RCSS / SSA အဖွဲ့က သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ လွှဲပြောင်းပေးအပ်

**မိုင်းတုံ မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင် မိုင်းတုံမြို့၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့က သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး အိုက်စ်ကီလိုဂရမ် ၃၀ အား လွှဲပြောင်းပေးအပ်သည့်




အခမ်းအနားကို မေ ၈ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် RCSS/SSA အဖွဲ့မှ တာဝန်ရှိသူများက မူးယစ်ဆေးဝါး သိမ်းဆည်းရမိသည့်ဖြစ်စဉ်ကို ရှင်းလင်းပြောကြားပြီး အမှတ်(၂၉) မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးဝင်းဇော်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဇေယျာလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ဧပြီ ၂၆ ရက်က မိုင်းတုံမြို့နယ် နမ့်စင်ချောင်းဘေး တာမိန်းမွန်း(ကူးတို့ဆိပ်)၌ RCSS/SSA အဖွဲ့မှ စိုင်းထွန်းလှ ဦးစီး ၁၂ ဦးအဖွဲ့က ကြိုတင်သတင်းရရှိမှုမရှိဘဲ မူးယစ်ဆေးဝါးသယ်ဆောင်သူများနှင့် ရင်ဆိုင်ကြုံတွေ့သဖြင့် တားဆီးစစ်ဆေးရန် ကြိုးပမ်းစဉ် ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အိုက်စ်ကီလိုဂရမ် ၃၀ ကို သိမ်းဆည်းရမိခဲ့ကာ မူးယစ်ဆေးဝါးသယ်ဆောင်လာသူများမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရန်ကုန်မြို့ မြန်မာ့စာတိုက်၌ မက်သာဖက်တမင်းများ တွေ့ရှိ၊ ချောထုပ်လာရောက်ပေးပို့သူ သုံးဦးအား မူးယစ်တပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ မြန်မာ့စာတိုက် Foreign Export Counter ၌ မေ ၇ ရက်က ပြည်ပသို့တင်ပို့မည့် မက်သာဖက်တမင်း (Methamphetamine) အထုပ်သေး ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် တစ်ထောင့်ငါးဆယ့်ခြောက်သိန်း) ကို စစ်ဆေးတွေ့ရှိသဖြင့် ချောထုပ်များ လာရောက်ပေးပို့သူ သုံးဦးအား မြန်မာနိုင်ငံ မူးယစ်တပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ချောထုပ်အမှတ် ARP – 27 , ARP 28 ချောထုပ်ပိုင်ရှင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်နေ kham Thiri Htun ဟု ဖော်ပြပါရှိသော ချောထုပ်အား စာတိုက်တာဝန်ကျဝန်ထမ်းနှင့် ပြည်ပချောပို့တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးဝန်ထမ်းများက လုပ်ငန်းစဉ်အတိုင်း ဖွင့်ဖောက်စစ်ဆေးစဉ် မက်သာဖက်တမင်းဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲများ အထုပ်သေး ၇၀ (အလေးချိန်အားဖြင့် ၁ ဒသမ ၃၂ ကီလိုဂရမ်)ကို တွေ့ရှိခဲ့ကြောင်း။

အဆိုပါ ပစ္စည်းများ တွေ့ရှိမှုနှင့် ပတ်သက်၍ မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ခံ၊ ကျောက်တံတား မြို့မရဲစခန်းနှင့် မူးယစ်တပ်စု (၄၂) မှ တာဝန်ရှိသူများထံ အကြောင်းကြားပြီး အဆိုပါ ချောထုပ်များအား လာရောက်ပေးပို့သူ ဒေါ်ဆုစန္ဒာထွန်း၊ ဒေါ်ခမ်းသီရိအောင်နှင့် ဒေါ်ရင်မြတို့ သုံးဦးအား မြန်မာနိုင်ငံ မူးယစ်တပ်ဖွဲ့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ဝိုင်းမော်၌ သစ်တောကြိုးဝိုင်းဧရိယာအတွင်း တစ်သျှူးငှက်ပျောစိုက် ကုမ္ပဏီအား အမှုဖွင့်အရေးယူ

**ဝိုင်းမော် မေ ၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာန၏ သစ်တောကြိုးဝိုင်းအတွင်း တစ်သျှူးငှက်ပျောစိုက်ပျိုးထားသည့် စိုက်ပျိုးရေးကုမ္ပဏီအား မေ ၇ ရက်က ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် သစ်တောဧရိယာနယ်နိမိတ် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း တရုတ်တစ်သျှူးငှက်ပျောကျူးကျော်စိုက်ပျိုးနေမှုများကို သတ်မှတ်ကာလအတွင်း ဖျက်သိမ်းပေးရန် ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဆွတ်ရိန်ဆိုင်းလာ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က နန့်ဝါကျေးရွာရှိ သစ်တောကြိုးဝိုင်းအတွင်း မေ ၆ ရက်က သွားရောက်စစ်ဆေးရာ မြေဧရိယာ ၉၈ ဧကအား စိုက်ပျိုးရေးကုမ္ပဏီမှ ကျူးကျော်ပြီး တစ်သျှူးငှက်ပျောစိုက်ပျိုးထားသည်ကို တွေ့ရှိရ၍ ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်၍ တစ်သျှူးငှက်ပျောစိုက်ပျိုးထားသည့် ကုမ္ပဏီအား ဝိုင်းမော်မြို့မရဲစခန်းတွင် သစ်တောဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြန်မာနိုင်ငံသား ၂၆ ဦးကို နှစ်ရက်ကြာပိတ်လှောင်ထားသည့် လူကုန်ကူးအဖွဲ့အား ချင်းမိုင်ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိ

**မယ်ဆိုင် မေ ၈**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ခရိုင် မယ်ဆိုင်မြို့နယ်အတွင်းမှ သစ်သီးခြံတစ်ခြံအတွင်းရှိ ကုန်လှောင်ရုံအခန်းငယ်ထဲ၌ မြန်မာနိုင်ငံသား ၂၆ ဦးအား နှစ်ရက်ကြာပိတ်လှောင်ထားသည့် လူကုန်ကူးသည့်အဖွဲ့အား ချင်းမိုင်ရဲတပ်ဖွဲ့မှ ရှာဖွေလျက်ရှိကြောင်း ထိုင်းနိုင်ငံရှိ အမျိုးသမီးနှင့် ကလေးများ စောင့်ရှောက်ရေးအဖွဲ့ (SAW)မှ သိရသည်။

ချင်းမိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ဝင်များက နေအိမ်အပြင်ဘက်မှသော့ခတ်၍ နှစ်ရက်ကြာပိတ်လှောင်ခံထားရသည့်နေရာအား မေ ၇ ရက် မွန်းလွဲပိုင်းက ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်ပြီး တရားဝင်အထောက်အထား စာရွက်စာတမ်းများ ကိုင်ဆောင်ထားကြခြင်းမရှိသည့် မြန်မာနိုင်ငံသား အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသား ၁၁ ဦးတို့ကို တွေ့ရှိရကြောင်းလည်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသားများအား လူကုန်ကူးသည့်အဖွဲ့မှ ထိုင်း-မြန်မာ နယ်စပ်ဖြစ်သော မယ်ဆိုင်မြို့မှတစ်ဆင့် ကုန်တင်ယာဉ်များဖြင့် ခေါ်ဆောင်လာခဲ့ကြခြင်းဖြစ်ပြီး မြို့တော်ဗန်ကောက်အထိ ခေါ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ ချင်းမိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ကိုမန်ဆူဖတ်၏ ပြောဆိုချက်အရ မြန်မာနိုင်ငံသားများအား ပိတ်လှောင်ထားသည့် ခြံပိုင်ရှင်အပါအဝင် လူကုန်ကူးမှုတွင် ပတ်သက်နေသည့် လူကုန်ကူးသည့်အဖွဲ့အား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# လောင်းကစားဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ပုဒ်မ ၅ အရ ဖြစ်စေ၊ ပုဒ်မ ၆ အရ ဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သော အကြောင်းအချက်များကို ရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရမည်။ လိုအပ်ပါက သတင်းပေးသူ၏အမည်ကို ဖော်ပြနိုင်သည်။

(၂) ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်။

(၃) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသူသည် ဖမ်းဆီးရမိသူများ၊ သိမ်းဆည်းရရှိသည့် ပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းသို့ လွှဲအပ်ရမည်။

(၄) ဆောင်ရွက်သူသည် မည်သူ့ကိုမျှ ဖမ်းဆီးရမိခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၅)**

**တားမြစ်ချက်များ**

၈။ မည်သူမျှ အများပြည်သူနှင့်ဆိုင်သောနေရာတွင် -

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းခြင်းမပြုရ၊

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ၊

(ဂ) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲကိုမဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ။

၉။ မည်သူမျှ လောင်းကစားအိမ်တွင် -

(က) လောင်းကစားခြင်းမပြုရ၊

(ခ) ရောက်ရှိနေခြင်း မရှိစေရ။

၁၀။ မည်သူမျှ -

(က) လောင်းကစားအိမ်ဖွင့်လှစ်ခြင်း၊ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်းမပြုရ၊

(ခ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန်၊ တည်ထောင်ရန် သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ။

၁၁။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို မပြုရ -

(က) ထီ သို့မဟုတ် ထီကဲ့သို့သော အခြားကံစမ်းကစားနည်းတစ်ခုခုကို ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ်ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊

(ခ) ကာစီနိုကို တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ်ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း။

၁၂။ မည်သူမျှ ပုဒ်မ ၁၁ ပါ ကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်းမပြုရ။

၁၃။ မြန်မာနိုင်ငံသားမည်သူမျှ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားခြင်းမပြုရ။

၁၄။ မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်းမပြုရ။

**အခန်း (၆)**

**ပြစ်ဒဏ်များ**

၁၅။ မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံးခြောက်လအထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသောင်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၆။ မည်သူမဆို -

(က) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၇။ မည်သူမဆို -

(က) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၈။ မည်သူမဆို -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၉။ မည်သူမဆို -

(က) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀။ မည်သူမဆို -

(က) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**အခန်း (၇)**

**အထွေထွေ**

၂၁။ လောင်းကစားအိမ်၌လည်းကောင်း၊ ထိုအိမ်၌ ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း လောင်းကစားကိရိယာ တစ်ခုခုကိုတွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင်စေကာမူ လောင်းကစားအိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေကြခြင်းမဟုတ်ကြောင်း ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်။

၂၂။ ထီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကာစီနိုတည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရသူကို စစ်ဆေးသော တရားရုံးသည် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံရသူများအနက် အဓိကပါဝင်သည့် တရားခံမဟုတ်သူ မည်သူ့ကိုမဆို လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလိုသက်သေအဖြစ် သက်သေခံချက်ပေးစေရမည်။ သက်သေခံချက်ပေးသူသည် မှန်ကန်သည့်အတိုင်း ထုတ်ဖော်ထွက်ဆိုလျှင် ထိုသူအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုရမည်။

၂၅။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သောအမှုတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်ငွေနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့် ပစ္စည်းများရောင်းရငွေအနက်မှ သတင်းပေးသူအား ၁၀ ရာခိုင်နှုန်း၊ ဖမ်းဆီးရာတွင် ပါဝင်သူအားလုံးအား ၂၀ ရာခိုင်နှုန်း ဆုငွေချီးမြှင့်ရန် အမိန့်ချမှတ်ရမည်။

၂၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ မြို့နယ်အတွင်း တစ်ဦးတစ်ယောက်သောသူသည် လောင်းကစားမှုဖြင့်လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုပြုနေကြောင်း သတင်းရရှိလျှင် ထိုသူအား ရာဇဝတ်ကျင့်ထုံးဥပဒေအရ အရေးယူနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ လောင်းကစားဥပဒေ (၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တဝိစက္ခဏအား ဂုဏ်ပြုပွဲနှင့် မွေးနေ့ဝိဇာတမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ဓမ္မသဘာဝဓမ္မာရုံကြီး၌ နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် ဂန္ထဝါစကဘွဲ့တံဆိပ်တော်ခံယူရရှိသော ဘဒ္ဒန္တဝိစက္ခဏအား ထပ်ဆင့်ဂုဏ်ပြုပွဲနှင့် သက်တော် ၅၅ နှစ်ပြည့် မွေးနေ့ဝိဇာတမင်္ဂလာကို မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ရန်ကင်းမြို့နယ် သာသနာရေးမှူး ဦးပန်းဦးက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# လူမှုကရုဏာလုပ်ငန်းများကို ကျေးရွာအနှံ့ ခရီးဆန့်

**ထားဝယ် မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဟိုပင်က ကြက်ခြေနီအဖွဲ့အစည်းကြီးသည် ယနေ့အချိန်တွင် နှစ်ပေါင်း ၁၅၆ နှစ်ပြည့်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုသော ကြက်ခြေနီ အမှတ်အသားသည် ၁၉၂၀ ပြည့်နှစ်မှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ လူသားတို့၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ရည်ရွယ်၍ လူမှုကရုဏာလုပ်ငန်းများကို တက်တက်ကြွကြွ ကျေးရွာအနှံ့ခရီးဆန့်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ထားဝယ်ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ အုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကိုကိုနိုင်နှင့်အဖွဲ့ဝင်များက စစ်မြေပြင်လူနာသယ်ဆောင်နည်းကို လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာကြသူများက ခန်းမအတွင်းပြသထားသော ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**



## အပူပိုင်းဒေသစိမ်းလန်းဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့

# စီမံခန့်ခွဲမှု နည်းပညာသင်တန်းဖွင့်

**စစ်ကိုင်း မေ ၈**

ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ သောတာပန်ရပ် IBEC အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာ၌ မေ ၇ ရက် ညနေ ၆ နာရီက ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးသာသနာရေးမှူး၊ Eden Group နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌကြီး မိသားစုကိုယ်စား မြန်မာ့ရှေ့ဆောင်ဘဏ် (စစ်ကိုင်း)မှ အကြီးတန်းမန်နေဂျာနှင့် ရုံးဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

IBEC အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာကျောင်းတော်၏ လုပ်ဆောင်နေသောလုပ်ငန်းစဉ်များကို ပရိဂျက်တာဖြင့် တင်ဆက်ပြသခြင်း၊ နိုင်ငံကျော်အဆိုတော်ဆုမြတ်ထက်က ဂုဏ်ပြုတေးထပ် ရွတ်ဆိုပူဇော်ခြင်း၊ စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော်က ကြိုဆိုနှုတ်ခွန်းဆက်စကားမြွက်ကြားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ဝမ်းမြောက်စကားပြောကြားခြင်း၊ နီပေါနိုင်ငံ မေတ္တာပရဟိတအသင်းတည်ထောင်သူ Track Nepal ၏ ဥက္ကဋ္ဌ Mr. Piya Ratana က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ IBEC တွင် အင်္ဂလိပ်စာဆရာမအဖြစ် ပညာဒါနပေးနေသော အင်္ဂလန်နိုင်ငံသူ ငါးဦးက မန္တလာသူသီချင်းအကအလှဖြင့် ဖျော်ဖြေခြင်း၊ UPF ငြိမ်းချမ်းရေးအဖွဲ့ မြန်မာနိုင်ငံကိုယ်စားလှယ် Mr.Pasit က နှုတ်ဆက်စကားပြောကြားခြင်း၊ သင်တန်းကုန်ကျစရိတ်များကို လှူဒါန်းပေးပါသော Eden ကုမ္ပဏီနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌကြီး ဦးချစ်ခိုင်နှင့် ဇနီးကိုယ်စား မြန်မာ့ရှေ့ဆောင်ဘဏ်အကြီးတန်းဘဏ်မန်နေဂျာ ဒေါ်တိုးတိုးဝင်းက ဝမ်းမြောက်စကားပြောကြားခြင်း၊ IBEC English Access သင်တန်းသား သင်တန်းသူများက ကျေးဇူးတင်ပါတယ်သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ခြင်းများကို ကျင်းပသည်။

အဆိုပါသင်တန်းကို ၂၀၁၀ ပြည့်နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း တစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၁၀၀ ခန့်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၊ ပရဟိတလုပ်ငန်းများတွင် ဦးစီးဦးဆောင်လုပ်နေကြသူများ တက်ရောက်လေ့လာသင်ယူခွင့်ရရှိခဲ့သည်။

အဆိုပါသင်တန်းကို မေ ၇ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မြောင်းမြမြို့၌ အပန်းဖြေလေ့လာရေးခရီးမှပြန်လာကြသော လူရည်ချွန်လေးဦးအား ဂုဏ်ပြုကြိုဆို



**မြောင်းမြ မေ ၈**

ပုဂံ၊ အင်းလေး၊ ငွေဆောင် လူရည်ချွန်စခန်း အပန်းဖြေလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိလာကြသော မြောင်းမြမြို့ အထက (၁)မှ ထူးချွန် လူရည်ချွန်လေးဦးတို့အား မေ ၇ ရက် နံနက် ၇ နာရီက မြောင်းမြမြို့အဝင် မြောင်းမြတံတားသစ်ကြီး၌ သွားရောက်ကြိုဆိုခဲ့ကြသည်။

အဋ္ဌမတန်းလူရည်ချွန် မဆုလဲ့ဝတီ၊ မောင်ခန့်မင်းထက်၊ နဝမတန်းလူရည်ချွန် မဆုနှင်းထွဋ်၊ ဒသမတန်း လူရည်ချွန် (နှစ်ထပ်ကွမ်းလူရည်ချွန်) မောင်ခန့်မင်းသွေးတို့ကို မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်ပညာရေးမှူး ဒေါ်ဝင်းဝင်းတင်နှင့် အထက (၁) ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထက (၁) ဘင်ခရာတပ်ဖွဲ့မှ ကျောင်းသား ကျောင်းသူလေးများက ဂုဏ်ပြုပန်းကုံးများ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

**အောင်မင်း(မြောင်းမြ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း တံတားဦးတွင် ကျင်းပ

**တံတားဦး မေ ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဇီးကန်ကျေးရွာ ရွာလယ်ဘုန်းတော်ကြီးကျောင်း၌ မေ ၇ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဦးမင်းမင်းနီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ မဲဆန္ဒနယ် အမှတ်(၂) ဦးဝဏ္ဏအောင်က လွှတ်တော်အတွေ့အကြုံများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းနောင်ဝင်းက လယ်ယာမြေလုပ်ထုံးလုပ်နည်းနှင့် မြေယာဥပဒေအကြောင်း၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းက ကျေးလက်ဒေသများတွင် ဆောင်ရွက်ပေးနေသော လုပ်ငန်းများအကြောင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဒုတိယဦးစီးမှူး ဦးပေါက်ကျိုင်းက လျှပ်စစ်အန္တရာယ်အကြောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဒုလဝကမှူး ဦးနေဝင်းက အိမ်ထောင်စုနှင့် နိုင်ငံသားလုပ်ငန်းဆောင်ရွက်မှုအကြောင်းကို ဆွေးနွေးကြသည်။

**ရဲတင့် (ပြန်/ဆက်)**

# မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ သင်တန်း ဖာပွန်မြို့တွင် ဖွင့်လှစ်

**ဖာပွန် မေ ၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မျိုးစေ့ဥပဒေနှင့် မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပညာပေးသင်တန်းကို မေ ၈ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

ဖာပွန်ခရိုင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသက်ဆွေက မျိုးစေ့လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်နှင့် မျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၂၈ ဦး တက်ရောက်ကြောင်း သိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

## ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း



**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့ကသောက်သုံးရေ ပြတ်လပ်လျက်ရှိသော ရွာသာယာကျေးရွာအုပ်စု ဖန်ခါးပင်ကျေးရွာသို့ မေ ၇ ရက် မွန်းလွဲ ၂ နာရီက မော်တော်ယာဉ်များဖြင့် သောက်သုံးရေဘူးကြီးများ သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမြင့်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သောက်သုံးရေပြတ်လပ်လျက်ရှိသော ရွာသာယာကျေးရွာအုပ်စု ဖန်ခါးပင်ကျေးရွာသို့ ၂၀ လီတာဝင်သောက်ရေသန့်ဘူးကြီး ၄၀၀ အား လိုက်လံဝေငှခဲ့ကြသည်။ **အောင်မြင့်(ပန်းတောင်း)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ သောက်ရေခက်ခဲသော ကျေးရွာများဖြစ်သည့် တချမ်းသာကျေးရွာနှင့် ဆားဘိုကုန်းကျေးရွာတို့သို့ မေ ၇ ရက် မွန်းလွဲ ၁ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ်အတွင်းရှိ သောက်ရေခက်ခဲသော ကျေးရွာများဖြစ်သည့် တချမ်းသာကျေးရွာတွင် အိမ်ခြေ ၁၅၁ အိမ်၊ ဆားဘိုကုန်းကျေးရွာတွင် အိမ်ခြေ ၁၇ အိမ်တို့အတွက် ရေဂါလန် ၄၈၀၀ ကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ ဦးမောင်မောင်သန်း+ဒေါ်အေးအေးသင်းမိသားစုတို့က ကျေးရွာ ၁၈ ရွာသို့ လှူဒါန်းကြောင်း သိရသည်။ **စိုးစိုးလှိုင်(ဝက်လက်)**

**မကွေး**

မကွေးတိုင်းဒေသကြီးရှိ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ရာသီဥတုပူပြင်းမှုကြောင့် ရေပြတ်လပ်မှု ဖြစ်ပေါ်နေသည့် မြို့နယ်လေးမြို့နယ်ရှိကျေးရွာများသို့ သန့်ရှင်းသော သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ကျေးရွာအရောက် သောက်သုံးရေလှူဒါန်းရာတွင် ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အတွင်း ရေစကြိုမြို့နယ် ခံစပ်တောကျေးရွာ၌ ရေဂါလန် ၁၈၀၀၊ ချောက်မြို့နယ် ထောက်ရှည်ကန်ကျေးရွာတွင် ရေဂါလန် ၈၀၀ နှင့် ကန်သာရွာသစ်ကျေးရွာ၌ ရေဂါလန် ၁၆၀၀၊ မြို့သစ်မြို့နယ် ဖိုကြီးကျေးရွာတွင် ရေဂါလန် ၃၂၀၀၊ မင်းလှမြို့နယ် ပျဉ်းပင်စမ်းကျေးရွာ၌ ရေဂါလန် ၆၀၀ တို့ကို မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဝေဖြိုးလေး(မကွေး)**

## မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချောင်းတစ်လျှောက်ရှိ အမှိုက်သရိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရိခေါဒါရ် မေ ၈**

ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချောင်းတစ်လျှောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်သရိုက်များ၊ အညစ်အကြေးများကို မေ ၇ ရက်က စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။



မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချောင်းရိုးတစ်လျှောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်သရိုက်များ၊ အမြင်မသင့်တော်သည့် အညစ်အကြေးများကို လူအင်အား၊ စက်အင်အားများဖြင့် ရှင်းလင်းခြင်းဖြစ်ပြီး အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသည့်နေရာသို့ စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသဟာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဒေသတစ်ခုဖြစ်သည်နှင့်အညီ ကျွန်တော်တို့နိုင်ငံရဲ့ မျက်နှာစာတစ်ခုလည်း ဖြစ်တယ်။ စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်တာတွေ့ရတော့ ရပ်ကွက်သန့်ရှင်း သာယာလှပမှုကို ပျက်စီးစေတဲ့အပြင် နိုင်ငံရဲ့မျက်နှာစာအလှကိုလည်း ပျက်စီးစေပါတယ်။ နောက်နောင်များမှာ နှစ်နိုင်ငံနယ်စပ်ချောင်းတစ်လျှောက်မှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားပါမယ်"ဟု ခေတ္တမြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက ပြောသည်။

အဆိုပါအမှိုက်သရိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ခေတ္တမြို့အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့ကုန်တင်ကုန်ချအလုပ်သမားများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ရိခေါဒါရ် (ပြန်/ဆက်)**

## မြန်မာအမျိုးသမီးအသင်း ခြေစစ်ပွဲအောင်ထားသည့် အာရှ ယူ-၁၉ ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ မေ ၂၃ ရက်တွင် ကျင်းပမည်



**ခြေစစ်ပွဲအောင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း**

**ရန်ကုန် မေ ၈**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို မေ ၂၃ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုမဲခွဲပွဲကို ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ထိုင်းအပါအဝင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရ လေးသင်းနှင့် ခြေစစ်ပွဲအောင် လေးသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်အရ Pot-1 တွင် ထိုင်းနှင့် လက်ရှိချန်ပီယံ ဂျပန်၊ Pot-2 တွင် မြောက်ကိုရီးယား၊ တရုတ်၊ Pot-3 တွင် ဩစတြေးလျနှင့် တောင်ကိုရီးယား၊ Pot-4 တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။

နောက်ဆုံးအဆင့် ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် အသင်းများမှာ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် ပထမအဆင့်ခြေစစ်ပွဲတွင် အီရန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လာအိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့်ရှုံးကာ အကောင်းဆုံးအုပ်စု ဒုတိယရကာ နောက်တစ်ဆင့်တက်ခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဥဇဘက်ကစ္စတန်ကို တစ်ဂိုး-ဂိုးမရှိ၊ နီပေါကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဩစတြေးလျကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် ရှုန်းကန်ခဲ့ရသော်လည်း ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပိုကောင်းသည့်ခြေစွမ်းပြသကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဇွန်လလယ်တွင် စတင်လေ့ကျင့်ပြင်ဆင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

## မှူခင်းအသိပညာပေးဟောပြောမှုများဆောင်ရွက်

**ရန်ကုန်**

သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကောင်းနိုင်နှင့် သဃ်န်းကျွန်းမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဦးတို့သည် မေ ၂ ရက် ည ၈ နာရီက ငမိုးရိပ်ရပ်ကွက် ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား မှူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်ဆန်း**

အလားတူ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းနှင့် ဘုရားဖြူကျောင်းရှေ့တွင် မေ ၇ ရက် နံနက် ၈ နာရီခွဲက မှူခင်းပြခန်းယာဉ်ဖြင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမင်းဗိုလ်ဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၂) မှ ဒုရဲအုပ်ဖူးပွင့်ငြိမ်းနှင့် တာဝန်ရှိသူများသည် မှူခင်းကျဆင်းရေးအသိပညာပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ဆောင်ရွက်ရာ ပြည်သူ ၁၆၀ ခန့် လာရောက်လေ့လာကြကြောင်း သိရသည်။ **ကိုရဲ**

## တိုက်ကြီး ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန်မေ ၈**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန Training Course on Town Land Survery No.13 ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး) ဦးတင်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် မြန်မာနိုင်ငံမြေနယ်သတ်ဥပဒေ၊ မြန်မာနိုင်ငံတော်အောက်ပိုင်းမြို့ရွာရှိ မြေယာလက်စွဲအက်ဥပဒေ၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော်လက်စွဲဥပဒေ၊ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ၊ မြို့ကွက်တိုင်းတာရာတွင် မြေပြင်ထိန်းအမှတ်နှင့် ချိတ်ဆက်တိုင်းတာသည့်နည်းလမ်းများဖြင့် မြို့ကွက်တိုင်းတာခြင်းနည်းလမ်းများ၊ မြေပုံရေးဆွဲခြင်းဖြင့် မြေပုံထုတ်ခြင်းနည်းလမ်းများစသည့်ဘာသာရပ်များ ပို့ချသွားဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမော်**

## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အရ သီပေါအကျဉ်းထောင်မှ အကျဉ်းသား ၄၅၁ ဦးလွှတ်ပေး

**သီပေါ မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် (၁၆/၂၀၁၉) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ၄၅၁ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁/ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက် မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပြုသည့်အခမ်းအနားကို မေ ၇ ရက် မွန်းလွဲ ၁ နာရီက သီပေါအကျဉ်းဦးစီးဌာန စားရိပ်သာ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် ထောင်တာဝန်ခံအရာရှိ ဦးအောင်ဇော်လင်းတို့က လွတ်ငြိမ်းသက်သာခွင့်ရအကျဉ်းသား ၄၅၁ ဦးတို့အား ဆုံးမဩဝါဒများပြောကြားပြီး မြို့နယ်အကျဉ်းဦးစီးဌာနမှ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အကျဉ်းသား ၄၅၁ ဦးတို့ကို သက်ဆိုင်ရာမြို့နယ်များသို့သွားရောက်မည့် ကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## မန္တလေးမြို့တည်နန်းတည် နှစ် ၁၆၀ ပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မန္တလေး မေ ၈**

ရတနာပုံရွှေမြို့တော် (မန္တလေး) မြို့တည်နန်းတည် နှစ် ၁၆၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို မန္တလေးမြို့တွင် မေ ၂၄ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ရက်သုံးရက်အတွင်းမှာ စန္ဒာမုနိဘုရားဝင်းတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးဆိုင်တန်းများပါဝင်ကြောင်း၊ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင်လည်း နိုင်ငံကျော်စာရေးဆရာများနှင့် မန္တလေးမြို့ခံ စာရေးဆရာကြီးများ၏ စာပေဟောပြောပွဲများ ၊ ဓာတ်ပုံပြပွဲပြိုင်ပွဲများ၊ ဆွေတော်မျိုးတော်များ ဓာတ်ပုံပြခန်းများ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများအပြင် ကာတွန်းပုံတူရေးဆွဲခြင်းများ၊ ရုပ်သေးပွဲ၊ ခြင်းအလုပြပွဲ၊ ကျောက်ဆည်ဆင်အလုပြပွဲနှင့် စည်တော်ကြီး၊ မြို့မ၊ ခေတ်ပေါ်တီးဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ထိပ်တင်ဝဏ္ဏစိုးက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့အထိမ်းအမှတ် အငြိမ်းစားသားဖွားဆရာမကြီးများအားကန်တော့



**တပ်ကုန်း မေ ၈**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့အထိမ်းအမှတ်ဂုဏ်ပြုခြင်းနှင့် (အငြိမ်းစား)သားဖွားဆရာမကြီးများအား ကန်တော့ခြင်းအခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ကျန်းမာရေးဆေးရုံဟောင်း၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ကိုယ်စား) ဦးစီးအရာရှိ ဒေါက်တာခိုင်သီရိက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အေးမြတ်က အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သားဖွားဆရာမများက (အငြိမ်းစား) သားဖွားဆရာမကြီး ၂၅ ဦးအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြပြီး (အငြိမ်းစား) သားဖွား ဆရာမကြီးများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် ဝှီးချဲကုလားထိုင်နှင့် ချိုင်းထောက်များ လှူဒါန်း



**ကျောက်ပန်းတောင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဘီစီအမ်အက်ဖ်အဖွဲ့မှ မသန်စွမ်းသူများအတွက် ပေးပို့လှူဒါန်းသည့် ဝှီးချဲကုလားထိုင်နှင့် ချိုင်းထောက်များကို ကျောက်ပန်းတောင်းမြို့ ဆည်းဆာသုခ ဘိုးဘွားရိပ်သာအဖွဲ့အစီအစဉ်ဖြင့် မေ ၇ ရက် နံနက် ၉ နာရီခွဲက အောင်မင်္ဂလာရပ်ကွက်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းတွင် ဖြန့်ဝေလှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့က ဘီးတပ်ကုလားထိုင်များ လာရောက်ထုတ်ယူကြသည့် ကျေးရွာများမှ မသန်စွမ်းကလေးငယ်များအား ဝှီးချဲအသုံးပြုပုံ နည်းစနစ်များကို ရှင်းလင်းပြသပြီး လက်တွေ့စမ်းသပ်စီးနင်းစေကာ နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းနည်းများကို မှာကြားသည်။

"ကလေးမသန်စွမ်းအတွက် ဝှီးချဲအစီး ၂၀၊ လူကြီးမသန်စွမ်းအတွက်အစီး ၄၀ နဲ့ လူကြီး ချိုင်းထောက်လေးစုံပဲ ထောက်ပံ့နိုင်ဦးမှာပါ။ အားလုံးကို အခမဲ့လှူတာပါ" ဟု ဆည်းဆာသုခအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းက ပြောသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ရေတာရှည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**ရေတာရှည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကျေးရွာအုပ်စု ၅၈ အုပ်စု အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား မေ ၇ ရက်မှ စတင်၍ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေးလျက်ရှိသည်။

ချေးငွေကိုဆောလျင်စွာပြန်လည်ပေးဆပ်နိုင်ခဲ့ကြသည့် ချောင်းမကြီးနှင့် ရေငန်းကျေးရွာအုပ်စု အတွင်းရှိ တောင်သူ ၁၉၇ ဦး စိုက်ဧက ၇၆၅ ဧကအတွက် ချေးငွေပေါင်း ကျပ် ၁၁၄၇ ၅၀၀၀၀ တို့ကို ထုတ်ချေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးဝေလင်းက တောင်သူများအနေဖြင့် ထုတ်ချေးပေးလိုက်သောငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာသုံးစွဲကြရန်လိုအပ်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်ရန် ပြောကြားသည်။

ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၅ အုပ်စု၌ တောင်သူဦးရေ ၈၃၉၄ ဦးသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အချိန်စေ့လွန်ကြွေးကျန် ငွေကျပ် ၃၈၁၆၁ သိန်းပေးဆပ်ရန်ကျန်ရှိနေပြီး ၂၀၁၇-၂၀၁၈ မိုးရာသီအထိ ကျေးရွာအုပ်စု ၅၈ အုပ်စုအတွင်းရှိ တောင်သူပေါင်း ၆၇၇၇ ဦးတွင် ငွေကျပ်သိန်း ၅၄၂၉၀ ပေးဆပ်ရန်ကျန်ရှိ နေသည့်အတွက် တောင်သူများအနေဖြင့် အချိန်မီပြန်လည် ပေးဆပ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## တိုတိုထွာထွာဖတ်စရာ

### သွားဘက်ဆိုင်ရာဆရာဝန်များ အခမဲ့ကွင်းဆင်းကုသပေး

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ဓမ္မစာဂီအုတ်တွင်းကျောင်း၌ မေ ၇ ရက် နံနက် ၁၀ နာရီက သွားဘက်ဆိုင်ရာပါရဂူ ဒေါက်တာသိန်းထွန်းဦးနှင့်အဖွဲ့က သွားနှင့်ခံတွင်းဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသပေးသည်။

ကျောင်းကုန်းမြို့တွင် သွားနှင့်ခံတွင်းဝေဒနာရှင် ၁၅၀ လာရောက်ပြသခဲ့ပြီး လူနာ ၅၀ အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

### မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးသည် မေ ၆ ရက် ည ၇ နာရီက ဗိုလ်ချုပ်ကျေးရွာ နယ်မြေ (၁၅) ဘောဇနသုခဓမ္မာရုံ၌ ကျေးရွာနေပြည်သူ ၅၀ တို့အား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကင်းရှင်းစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေး ဟောပြောခဲ့ကြောင်း သိရသည်။

**သန်လျင် (ပြန်ဆက်)**

အလားတူ သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦးနှင့် ကတုံးပေါ်နယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းညွန့်တို့သည် မေ ၄ ရက် မွန်းတည့် ၁၂ နာရီက သဲကုန်းကျေးရွာဘုန်းကြီးကျောင်း၌ ကျေးရွာနေပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

### ကျေးရွာစုံကော်မတီများ အတွေ့အကြုံနှီးနှောဖလှယ်ပွဲ ကျင်းပ

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ နှစ်ချုပ်ငွေစာရင်းရှင်းလင်းပွဲနှင့် ကျေးရွာစုံကော်မတီများ အတွေ့အကြုံနှီးနှောဖလှယ်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ကျေးရွာခြောက်ရွာမှ မြစိမ်းရောင်ကျေးရွာကော်မတီများက မိမိတို့ကျေးရွာတွင် ဆောင်ရွက်နေမှုများအား အတွေ့အကြုံဖလှယ်ဆွေးနွေးခဲ့ပြီး မြို့နယ်မြစိမ်းရောင်ကြီးကြပ်ကော်မတီက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကသာမြို့တွင် မိုးဦးကျ ပဲပုရစ်များ ဈေးကွက်အတွင်းရောက်ရှိ

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မိုးပုရစ်ခေါ် ပဲပုရစ်များ အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

ပဲပုရစ်မှာ မြေပဲခင်းများခူးဆွတ်ချိန်တွင် ကျရောက်သော ပုရစ်အမျိုးအစားဖြစ်ကာ ဉပါခြင်းမရှိဘဲ ဆောင်းတွင်းထွက်ပေါ်သည့်ပုရစ်များတွင်သာ ဉပါရှိသည်။

ကသာမြို့ရှိ ပုရစ်ဒိုင်များမှ အကောင် ၁၀၀ လျှင် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၄၀၀၀ အထိဝယ်ယူပြီး လက်လီရောင်းချသူများက ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ကျပ်အထိ ရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါပုရစ်များကို ဒိုင်များမှ သန့်စင်ပြီး တစ်အိတ်လျှင် အကောင် ၂၀၀ ပါ တစ်ထုပ်ဖြင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်မြို့များသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

**ဟန်မျိုးကျော် (ကသာ)**

### သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေး

**နေပြည်တော်**

နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ရှစ်မြို့နယ်တွင် မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးအတွက် အသိပညာပေးဆောင်ရွက်မှုများ အဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၃ရက် နံနက်၉ နာရီက လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ်ရဲထွန်းနှင့်တပ်ဖွဲ့ဝင်များသည် ချောင်းခွအုပ်စု ချောင်းခွကျေးရွာဘုန်းတော်ကြီးကျောင်းတွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံ ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

### တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ကျုံပျော်**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ မိုးရာသီသီးနှံစိုက်ပျိုးကြမည့် တောင်သူများအတွက် ၂၀၁၉ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်တွင် စတင်ထုတ်ချေးနေပြီဖြစ်ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင်၂၀၁၈ ခုနှစ်က ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၇ အုပ်စုမှ တောင်သူပေါင်း ၁၂၉၂၆ ဦး၏ လယ်ဧက ၈၄၅၉၇ ဧကအတွက် ချေးငွေကျပ် ၁၂၆၈၉၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နေဝန်းရှိန်(ကျုံပျော်)**


ALPINE
TipTop
ကံစမ်းမဲအစီအစဉ်မှ
သိန်း ၁၀၀ ကံထူးရှင်များ ပေါ်ထွက်လာပါပြီ
ကိုမင်းစောဦး
မသန္တာအောင်
ကိုဇင်ဖြိုးအောင်
သိန်း ၁၀၀ အပြင် ၁၀ သိန်း၊ ၁ သိန်းနဲ့ အခြားဆုမဲပေါင်းများစွာ ကံထူးနေကြပြီး
နောက်ထပ်ဆုမဲပေါင်းမြောက်မြားစွာ ကျန်ရှိသေးလို့
အခုပဲ အမောပြေသောက်ရင်း ကံစမ်းလိုက်ရအောင်!
100 Lakhs
သိန်း ၁၀၀
10 Lakhs
၁၀ သိန်း
1 Lakh
၁ သိန်း
10000Ks
၁၀၀၀၀ ကျပ်
5000Ks
၅၀၀၀ ကျပ်
1000Ks
၁၀၀၀ ကျပ်
500Ks
၅၀၀ ကျပ်
200Ks
၂၀၀ ကျပ်
1 bottle free
အချိုရည်၁ဘူး အခမဲ့
၂၀၁၉ မတ်လ မှ ၂၀၁၉ ဩဂုတ်လကုန်အထိ
ဆုငွေများနှင့် ကျပ် ၁ သိန်းအထိ ဆုမဲများကို နီးစပ်ရာ TipTop အချိုရည်ရောင်းချသည့် ဆိုင်များတွင် ထုတ်ယူနိုင်ပါသည်။
ကျပ် သိန်း ၁၀၀ နှင့် ၁၀ သိန်း ဆုမဲများပေါက်ပါက ကုမ္ပဏီအား တိုက်ရိုက်ဖုန်းဆက်သွယ်ပေးရပါမည်။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ -
၀၉၄၄၃၃၃၇၀၃၃၂ | ၀၉၄၄၃၃၃၇၀၃၃၄ | ၀၉၄၄၃၃၃၇၀၃၃၆

iMyanmarHouse.com အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း

မှ ကြီးမှူးကျင်းပမည့် (၁၁) ကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

## 11th Myanmar's Biggest Property Expo



- ဆောက်လုပ်ရေး ကုမ္ပဏီ (၅၀) ကျော်
- တိုက်ခန်းနှင့်ကွန်ဒိုပေါင်း (၁၀,၀၀၀) ကျော်
- ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ် မြို့များရှိ သိန်း ၂၀၀ ကျော်မှစသော တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်းနှင့် မြေကွက်များ
- အကောင်းဆုံး ငွေချေစနစ်၊ အတန်ဆုံး ဈေးနှုန်း၊ အစုံလင်ဆုံး အမျိုးအစား၊ အထူးလျှော့ဈေးနှုန်းများ၊ နှစ်ရှည်အရစ်ကျစနစ်များ၊ ဘဏ်ချေးငွေများ၊ ခိုင်မာမှုရှိသည့် စာချုပ်စာတမ်းများဖြင့် ဝယ်ယူနိုင်ပါမည်။

**မြန်မာနိုင်ငံသားတိုင်း အိမ်ပိုင်ဆိုင်နိုင်စေရန် ကြွလှမ်းခဲ့ပါ။**

အိမ်ခြံမြေအကြောင်း သိကောင်းစရာများကိုလည်း (၃) ရက်တိုင်တိုင် ဟောပြောဆွေးနွေးပေးသွားမည်။

**၁၀၊ ၁၁၊ ၁၂ မေလ ၂၀၁၉ ။**

**တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။**

Main Sponsor: GOLDEN CITY

Diamond Sponsors: SMT, PEUGEOT, RIVERFRONT GARDEN, KANBAE TOWERS

Gold Sponsors: THE LEAF Residence, SAE PAING DEVELOPMENT LIMITED, YMH Motor, KT CONSTRUCTION GROUP, Sustain Co., Ltd.

Official Banking Partners: KBZ BANK, YOMA BANK

ပွဲတက်ရောက်သူများအတွက် မေတ္တာတုံ့ပြန်သောအားဖြင့်
TV, Phone, Tablet နှင့် အခြားလက်ဆောင်ပစ္စည်းများ ကံစမ်းမဲဖောက်ပေးပါမည်။

အသေးစိတ်ကြည့်ရန်နှင့် ကြိုတင်စာရင်းပေးရန် www.imyanmarhouse.com/expo

မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။ / Hotline: 09-455294841~5







ကြေငြာထားသောလက်မှတ်နှုန်းထားမှာ အခွန်နှင့်အပိုကြေးများပါရှိပြီးဖြစ်သည်။ မေ ၂၃ မတိုင်ခင်ကြိုတင်ဝယ်ယူထားသော လက်မှတ်များသာအကျုံးဝင်မည်ဖြစ်ပြီး ၂၀၁၉ စက်တင်ဘာ ၃၀ ရက်နေ့အထိ အသုံးပြုစီးနင်းနိုင်မည်ဖြစ်သည်။

## ဦးအောင်တင်

**အသက် (၉၂) နှစ်**

**နိုင်ငံခြားရေးဝန်ကြီးဌာန (ငြိမ်း)**

ရန်ကုန်မြို့ အလုံမြို့နယ်၊ အမှတ်(၅၉)၊ နံ့သာလမ်းနေ (ဦးအုံးဖေ-ဒေါ်အမလေး)တို့၏ သား၊ ဒေါ်မြကြည်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးညိုဦး)၊ ဒေါ်သင်းသင်းအောင်-ဦးချိုဝင်း၊ ဦးအောင်နိုင်-ဒေါ်သူဇာဝင်းမောင်၊ ဒေါ်ဝင်းဝင်းအောင် - Mr. Ang San Poon၊ Dr. ယဉ်ယဉ်အောင်-Mr. Bartholomeus Vrolijk တို့၏ ချစ်လှစွာသောဖခင်၊ မဖူးသဥ္ဇာနိုင်၊ မောင်သုတ၊ မောင်အောင်ကောင်းမြတ်နိုင်၊ မသစ္စာတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၉ ရက် ၄း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာခင်ခင်အေး၏ဖခင် ဦးလှစိန်(ခ) လင်းခိုင်ခေး အသက်(၈၉)နှစ်သည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**16th Batch B.D.S**

**(1982-1986) မှ သွားဆရာဝန်များ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယရဲမှူး ထွန်းချစ်ကျော်(ငြိမ်း)

**အသက် (၆၉)နှစ်**

**သူရအပတ်စဉ် (၁၀)**

သူငယ်ချင်း ဦးထွန်းချစ်ကျော်သည် ၃-၅-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဖောင်ကြီး သူရ(၁၀) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးရဲရင့်အောင်(ကချင်ပြည်နယ်)

**အဖွဲ့ဝင်**

**မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့**

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အသက် (၅၅) နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အောင်နန်ရပ်ကွက်၊ အမှတ် (၅၇)နေ ဒေါ်နန်းရွှေနွယ်၏ခင်ပွန်း၊ စိုင်းလောင်ခမ်း၊ စိုင်းအိုင်ဖီး၊ စိုင်းဟိဏ်းထက်အောင်၊ နန်းဆောင်းလဲ့ရည်ဝင်းတို့၏ဖခင် ဦးရဲရင့်အောင်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့)သည် ၃-၅-၂၀၁၉ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပြက္ခဒိန်**
**အကြံပေးအဖွဲ့**

## ကျေးဇူးတင်လွှာနှင့် တစ်လပြည့်ဖိတ်ကြားခြင်း

### ဦးမြသိန်း(စိန်ကားပစ္စည်းဆိုင်၊ရူပတောင်ရပ်ကွက်၊ စစ်တွေမြို့)

၁၁-၄-၂၀၁၉ရက်တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်ခဲ့သော ဦးမြသိန်းအား ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြသော သမားတော်ကြီး ဒေါက်တာဦးမြင့်ဟန်၊ ကင်ဆာအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအောင်ရဲကျော်၊ ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးကျော်ထက်နှင့် တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ၊ နေထိုင်မကောင်းစဉ် ကာလတွင် အဘက်ဘက်မှ အစဉ်အားပေးကူညီခဲ့ကြသော သူငယ်ချင်း၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။ ၁၁-၅-၂၀၁၉ (စနေနေ့) တွင် ကျရောက်မည့် တစ်လပြည့်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို စစ်တွေမြို့ ကြွဖျူကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၁) လပြည့် လွမ်းဆွတ်သတိရခြင်း

## ဒေါ်ဝိလဲရာမား

**(၉-၄-၂၀၁၉)**

မေတ္တာကြီးမားပြီး ခင်ပွန်းနှင့် သားသမီး၊ မြေးများအပေါ် တာဝန်ကျေ ကျေးဇူးကြီးမားသူ မိခင်ကြီးအတွက် ကျန်ရစ်သူမိသားစုမှ နေ့စဉ်ပြုပြုသမျှ ရည်မှန်းကုသိုလ်အစုစုတို့ကို မြင့်မြတ်သော ရောက်ရာဘုံဘဝမှ ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ပါစေ။

**ချစ်သားကြီး-** **ဦးတင်အောင်ဝင်း**
**ချစ်သမီး-** **ဒေါ်စိုးစိုးတင်**
**ဒေါ်စန်းစန်းတင်**
**ဒေါ်ရီရီထွန်း**
**ဒေါ်သန်းသန်းအေး**
**ချစ်သားငယ်-** **မောင်စိန်တင်**
**ချစ်မြေးများ...**

## ဒေါ်ကင်ဟုန်(ဘီလူးကျွန်း)

**အသက်(၈၉)နှစ်**

**(ဘီလူးကျွန်းနတ်မှော်)**

ရန်ကုန်မြို့ အမှတ်(၁၄)၊ ဗိုလ်တထောင်လမ်းနေ (ဦးကြင်ခဲ-ဒေါ်စော)တို့၏ သမီး၊ (ဦးလှငွေ)၏ ဇနီး၊ ဦးတင်နွယ်-ဒေါ်ခင်ကြည်ညွန့်၊ဦးသန်းထွဋ်ဦး-ဒေါ်လှလှမြင့်၊ဦးခင်မောင်အုန်း-ဒေါ်မာလာအေး၊ ဦးတင်မောင်အေး-ဒေါ်သဇင်အောင် တို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့် နေ့နှင့် အချိန်ကို ထပ်မံအသိပေးကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ် ရီရီ

**အသက် (၈၁) နှစ်**

ပဲခူးမြို့ ပန်းလှိုင်ရပ်နေ (ဦးဘရင်-ဒေါ်သိန်းမေ)တို့၏ မြေး၊ (ဦးပွ-ဒေါ်တင်ဉ)တို့၏ သမီး၊ (ဦးထွန်းနွယ်-ဒေါ်သောင်းမေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ [ဗိုလ်မှူးကြီးတင်လှိုင်(လေ-ငြိမ်း၊ အငြိမ်းစားသံအမတ်ကြီး]-ဒေါ်ခင်ရီတို့၏ ညီမ၊ ပဲခူးမြို့ ဗိုလ်ဖုန်းရပ်ကွက်နေ ဦးစိုးလှိုင်-ဒေါ်ထွေးရီ၊ ဦးထွန်းမြင့်-(ဒေါ်ခင်ရွှေ)၊ ဦးအောင်သောင်း-ဒေါ်တင်စိန်၊ ဦးမြင့်လွင်-ဒေါ်ခင်မြင့်၊ ဦးသောင်းကြည်-ဒေါ်သန်းသန်းနွဲ့၊ ဦးစိုးလွင်-ဒေါ်တိုး၊ ဦးကြည်လွင်-ဒေါ်သိန်းသိန်းအေးတို့၏ အစ်မကြီး၊ ပဲခူးမြို့ ညောင်ဝိုင်း (၈)လမ်း၊ အမှတ် (၂၃)နေ [ဦးဆန်းထွန်း (အပူဇော်ခံဆရာကြီး၊ ကလော GTI)]၏ ဇနီး၊ ဒေါ်စမ်းမြကြူ (ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်)၏ချစ်လှစွာသောမိခင်ကြီးသည် ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကျွန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးညွန့်မောင် (၆)

**အကောက်ခွန်မှူး(ငြိမ်း)**

**ကျောက်ပန်းတောင်းမြို့**

**အသက် (၇၅) နှစ်**

မက္ခရာဒေသ ရှေးဟောင်းဘုရား၊ အမှတ်(၃၉)၊ ရှစ်မျက်နှာစေတီတော်ကြီး၏ ဒါယကာကြီး၊ ဘုရားဖြူကျောင်းတိုက် နာယကဆရာတော် ဝိနည်းမိုရ် ဦးနန္ဒာဘိဝံသ၊ ဖြဟ္မဝိဟာရကျောင်းတိုက်ဆရာတော် ဦးသြသ၊ ပြင်ဦးလွင်မြို့ ပင်တီးကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးရာဇိန္ဒတို့၏ ဖခမည်းတော်ကြီး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးထွန်းတင်-ဒေါ်အုန်းမေ)တို့၏ သားကြီး၊ ဦးတင်မောင်-ဒေါ်လုံး၊ ဦးသန်းရွှေ-ဒေါ်မမကြီး၊ ဦးကြည်မောင်-(ဒေါ်စန်းစန်း)၊(ဦးမြတ်စံ-ဒေါ်ခင်ခင်ဉ)၊ (ဒေါ်တုတ်တုတ်) တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့ A-၃၊ အမှတ်(၃၄)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ခင်သန်းစိန်၏ ခင်ပွန်း၊ ကိုသက်ကိုမောင်-မချောစုလှိုင်၊ ကိုအေးချမ်းမောင်၊ (ကိုပြည့်ဖြိုးမောင်)၊ ကိုထက်အာကာမောင် (ခေတ္တ-ဩစတြေးလျ)တို့၏ ဖခင်ကြီး၊ မောင်သော်ထက်မောင်၊ မောင်အောင်ခန့်မောင်တို့၏ အဘိုးသည် ၇-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဒေါ်ခင်ပြုံးခိုင်(ခ)ဒေါ်နယ်လီ အသက်(၇၀)

ရန်ကုန်မြို့ အမှတ်(၈၆/၃၀)၊ ဇောတိကလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးဝမ်လီပေ့-ဒေါ်ကျန်းမာရင်း)တို့၏ သမီးကြီး၊ (သိက္ခာတော်ရဆရာ Rev.L. ဇော်ယော်-ဆရာမ ဒေါ် Mနန်ဆိုင်း)တို့၏ သမီးချွေးမ၊ (ဦးအယ်လ်ခွန်နောင်)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းမြင့်-ဒေါ်ငွေကြူ၊ ဦးလှဦး-ဒေါ်မြင့်မြင့်တို့၏ အစ်မကြီး၊ Rev: ဦးအယ်လ်ခွန်ဂမ်(U.S.A)၊ ဦးအယ်လ်ဇော်လ၊ ဦးအယ်လ်ဇော်ရှန်၊ ဦးအယ်လ်ဇော်ဂွန်း၊ Rev:ဦးအယ်လ်ဇော်ယာ (U.S.A)၊ ဒေါ်အယ်လ်ဆိုင်းဘူ၊ (ဒေါက်တာအယ်လ်ဇော်ဘာ)တို့၏ မရီး/ယောက်မ၊ ဦးအယ်လ်ဇော်ဆိုင်း(ခ)ဦးအောင်စန်းယု၊ ဦးအောင်နိုင်ဝင်း-(ဒေါ်အယ်လ်နန်းကြွယ်)၊ ဦးမြင့်ဆွေ-ဒေါ်အယ်လ်နန်းဆန်၊ (ဦးအယ်လ်ဇော်ခွန်လီ)တို့၏ မွေးသမိခင်၊ မအဲလစ်(စ်)ကမ္ဘာအောင်၊ မောင်ဒယ်နီယယ်ဂမ်ဆိုင်း၊ မောင်ဒေးဗစ်သူရအောင်၊ မလီလီဆိုင်းမွန်းတို့၏ ချစ်လှစွာသောအဘွားသည် ၅-၅-၂၀၁၉ ရက် နံနက် ၉း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၅-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်ရေဝေး၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၈၆/၃၀၊ ဇောတိကလမ်း၊ သုဝဏ္ဏနေအိမ်နှင့် အမှတ် ၄၀/B၊ ရွှေပြည်အေးလမ်း၊ ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော် စမ်းချောင်းမြို့နယ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာမြမြရွှေ (စစ်တွေ)

**မဥ္ဇူဖူးဆေးခန်း (မြောက်ဒဂုံ)**

**အသက်(၅၉)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်နေ [ဦးရွှေသာ(ကျောင်းဆရာ-ငြိမ်း)-ဒေါ်နုသာဖြူ] တို့၏ သမီးလတ်၊ [ဦးဦးကျော်ထွန်း (လမ်းဝန်ထောက်-ငြိမ်း)-ဒေါ်ညွှန့်ဦး]တို့၏ သမီးချွေးမ၊ ဒေါ်ဦးဦးခင်လှ-[ဦးစံထွန်းအောင်(နေလတည်းခိုရိပ်သာ)]၊ ဦးထွန်းအေးကျော်-(ဒေါ်စိန်စိန်)၊ ဦးကျော်ရွှေ-ဒေါ်မြမြဦး၊ ဒေါ်ခင်ခင်ရွှေ-ဦးသန့်ဇင်၊ ဦးမျိုးနိုင်ထွန်း-ဒေါ်ခင်သန္တာအောင်တို့၏ ချစ်လှစွာသော ညီမ/အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ ဒေါ်ခင်ခင်အေး-ဦးကျော်ဇောဦး(RTC၊ ငြိမ်း)၊ [ဦးမောင်စိန်လှ(မြို့နယ်ဦးစီးမှူး-ငြိမ်း)၊ တိ/မွေးကု]-ဒေါ်အေးသာစိန်(ကျန်းမာရေးဆရာမ-ငြိမ်း)၊ ဒေါ်စံနှင်းသာ (အထပြ-ငြိမ်း)- (ဗိုလ်မှူးသာထွန်းအောင်)၊ ဒေါ်စံကျော့သာ (စာရင်းစစ်၊ ဦးစီးအရာရှိ-ငြိမ်း)၊ ဒေါ်ဖြူဖြူအေးတို့၏ ညီမ၊ ဦးအောင်ကျော်သာ (ဌာနမှူး၊ လုပ်ငန်းအုပ်ချုပ်မှုရုံး၊ စာရင်းကိုင်၊ လုပ်ငန်းအတတ်ပညာဌာန၊ ရခိုင်ပြည်နယ် ဒေသကောလိပ်, (Director-ငြိမ်း၊ မင်းဇာနည်ကုမ္ပဏီ)၏ ချစ်လှစွာသောဇနီးသည် ၈-၅-၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ်(၁၇)၊ 4-စီ၊ ခေမာကွန်ဒို ခေမာလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၉(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါစမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အနိစ္စ

**ဘုရားရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ညွှန့်ညွှန့်

**အသက်(၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃) ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် (ဒ/၁၃၅)နေ (ဦးဘကြည်-ဒေါ်သဲမျှင်) တို့၏သမီး၊[ဗိုလ်ကြီးလှမြင့်(ကြည်း-၆၉၀၈)၊ ဘီးလင်းမြို့နယ်ကောင်စီဥက္ကဋ္ဌဟောင်း]၏ ဇနီး၊ အရာခံဗိုလ်ကျော်သိန်း(ငြိမ်း)-ဒေါ်ခင်လေးမြင့်၊ဦးငွေးမြင့်-ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းမြင့်-ဒေါ်ခင်မေရီ၊ ဦးဘုန်းမြင့်-ဒေါ်ကြည်ကြည်သန်း၊ (ဦးတိုးမြင့်)၊ ဦးမျိုးဇော်ဦး(ရောဝတီဘဏ်)-ဒေါ်ခင်အေးမြင့်၊ ဦးမျိုးမင်းအောင် (2/O Norstar Shipping Management Ltd)-ဒေါ်ခင်ထွေးမြင့်၊ ဗိုလ်မှူးဇော်ဝင်း(တပ်မတော်ရေ-ငြိမ်း)-ဒေါ်ခင်ဆွေမြင့်တို့၏ ချစ်လှစွာသော မိခင်၊ မြေး ၂၃ ယောက်၊ မြစ် ၁၄ ယောက် တို့၏ အဘွားသည် ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင် အမိုးနီ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၁၉(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ် ရီရီမြင့်

**(ဟင်္သာတမြို့)**

**အသက် (၈၁)နှစ်**

ဟင်္သာတမြို့နေ ဒေါင်းတံဆိပ်လက်ဖက်ခြောက် (ဦးမြမောင်-ဒေါ်အေးစိန်)တို့၏ သမီးချွေးမ၊ [ဦးအေးမောင်-ဒေါ်ခင်ညွှန့်(ထုံးလုပ်ငန်း)]တို့၏ သမီးကြီး၊ ဒေါ်ညိုညိုငွေး (လယ်ပြ-ငြိမ်း)၊ (ဦးခင်မောင်ချို)-ဒေါ်နီလာငွေး၊ (ဦးမြတ်ငွေးဝင်း)၊ ဗိုလ်မှူးမြတ်ငွေးလင်း(ငြိမ်း) (စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး)-ဒေါ်စုစုကို၊ ဦးမင်းသူကျော် (လ/ထ အထွေထွေမန်နေဂျာ၊ သစ်တောဖက်စပ်)-ဒေါ်မြတ်သီတာငွေး တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါက်တာမျိုးသက်ဦး (တွဲဖက်ပါမောက္ခ၊ ဇီဝဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်-မကွေး)-ဒေါ်နွယ်နီချိုလင်း၊ ကိုမြတ်ကိုအေး (8 rays Shopping Centre)-ဒေါက်တာကေဇင်ဟန် (MBBS, MBA-UK)၊ မရတီလင်း (BA-Hors, UK, MBA)-MITHM (SINGAPORE)၊ မသဥ္ဇာအောင် (MIIT, 4th Year IT)၊ မောင်လွင်မင်းအောင်တို့၏ ချစ်လှစွာသောအဘွား၊ မဆုသက်နွယ်ဇင်၊ မအေးသက်နဒီ၊ မောင်ဟန်မြတ်ထွဋ် (သားပီတိ)တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ မိခင်ကြီး၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အမှတ် (၅၁)၊ မြေညီ၊ ပုသိမ်လမ်း၊ စမ်းချောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးထွန်းဝေ (၆၅)နှစ်

**မာန်အောင်၊ လမ်း(၃၀) မိုက္ကရိုဝေ့(ငြိမ်း)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ အေ(၁)လမ်း၊ တိုက် (၈)၊ အခန်း (၂၀၄)နေ ချစ်လှစွာသော ဇနီး ဒေါ်နုနု၊ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ခင်လင်းဝေ (ဒု-လဝကမှူး)၏ဖခင် ဦးထွန်းဝေသည် ၇-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွက် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ရှုရီ (ခ) ဒေါ်ရှုကြည်

**(ပဲနွယ်ကုန်း)**

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ် (၂၃၃)နေ (ဦးစူဝါ-ဒေါ်သိန်း)တို့၏ သမီးကြီး၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျည်ထွဏ်း (ငြိမ်း)-(ဒေါ်နုနုရီ)၊ ဒေါက်တာဆောင်းဝင်း-ဒေါ်ခင်ခင်အေး(ဩစတြေးလျနိုင်ငံ)၊ ဒေါ်ငွေငွေဝင်းတို့၏အစ်မ ဒေါ်ရှုရီ(ခ)ဒေါ်ရှုကြည်သည် ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၉ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းဆွေ (ဒုရဲမှူး-ငြိမ်း)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၁၀၀၇)နေ (ဦးအောင်သိန်း-ဒေါ်ရီ)တို့၏သား၊ (ဦးထွန်းသီ-ဒေါ်ငွေပြေ)တို့၏ သားသမက်၊ ဒေါ်စိန်ထွေး၏ ခင်ပွန်း၊ ဒေါ်စုစုဝေ၊ ဦးရဲဇော်နိုင်-ဒေါ်စုစုငယ်(ဩစတြေးလျနိုင်ငံ၊ပေါသ်မြို့)တို့၏ ဖခင်၊ မောင်မင်းခန့်နိုင်၊ မောင်ရဲရင့်နိုင်၊ မရတီခင်နိုင်တို့၏ အဘိုးသည် ၇-၅-၂၀၁၉(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၉(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်(ခ)အန်ကယ်ကြီး

**(၄၈၂၈ ဒေသပါတီကော်မတီ)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၁၃)လမ်း၊ အမှတ် (၆၄၂)နေ (ဦးဘညွှန်-ဒေါ်ရင်မေ) တို့၏သား၊ ဒေါ်သောင်းရီ(ဘွိုင်လာစစ်ဆေးရေး)၏ ခင်ပွန်း၊ ဦးမြင့်ခိုင်ဦး-ဒေါ်မြစန္ဒာရင်၊ ဦးဇော်မြင့်ထွန်း-ဒေါ်သီသီဝေ၊ ဦးဝင်းမြင့်အောင်-ဒေါ်ခင်ဝင်းရွှေ၊ ဦးမင်းသက်မောင်-ဒေါ်ဖြူဖြူအောင်၊ ဦးနေလင်းအောင်၊ ဦးကျော်လင်းအောင်-ဒေါ်ဝင်းဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၈-၅-၂၀၁၉(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၉(သောကြာနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှသွင်

**အသက်(၇၆)နှစ်**

**AGM C.E.I.E**

**သမဝါယမ ဝန်ကြီးဌာန(ငြိမ်း)**

**DGM ဗဟိုသမဝါယမအသင်း**

ဦးလှသွင်သည် ၇-၅-၂၀၁၉(အင်္ဂါနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် အမိုးနီသုသာန် (သန်လျင်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အမှတ်- D-58၊ မင်းရဲနန္ဒမိတ်လမ်း-သန်လျင် နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း(ခ)ဦးကြွက်နီ

**MPPE (ငြိမ်း)**

**အသက် (၇၁)နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၁၁၄၈)နေ ဦးတင်အောင်-ဒေါ်ကြင်ရွှေတို့၏ သား၊ ဦးကျော်ရှိန်-ဒေါ်ညွှန့်တင်တို့၏ သားသမက်၊ ဒေါ်သောင်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းလွင်ရီ၊ ကိုကျော်မင်းဦး-မမြတ်မြတ်မော်၊ ကိုမျိုးလွင်ဦး-မရွက်နု၊ ကိုဝင်းထက်-မဖြိုးဖြိုးငြိမ်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၇-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ကျိုစု အအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာမြမြရွှေ (စစ်တွေ)

**မဥ္ဇူဖူးဆေးခန်း (မြောက်ဒဂုံ)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၁၇)၊ ၄-စီ၊ ခေမာကွန်ဒိုနေ [ဦးရွှေသာ(ကျောင်းဆရာ-ငြိမ်း)-ဒေါ်နုသာဖြူ]တို့၏ သမီးလတ်၊ [ဦးဦးကျော်ထွန်း (လမ်းဝန်ထောက်-ငြိမ်း)-ဒေါ်ညွှန့်ဦး] တို့၏ သမီးချွေးမ၊ ဦးအောင်ကျော်သာ(ဌာနမှူး၊ လုပ်ငန်းအုပ်ချုပ်မှုရုံး၊ စာရင်းကိုင်လုပ်ငန်းအတတ်ပညာဌာန၊ ရခိုင်ပြည်နယ်ဒေသကောလိပ်, ဒါရိုက်တာ-ငြိမ်း၊ မင်းဇာနည်ကုမ္ပဏီ)၏ချစ်လှစွာသောဇနီး၊ ဒေါ်မြမဥ္ဇူ(GM/ACE Plus Solution) - ဦးအောင်စိုးဦး (ဒါရိုက်တာ၊ RMS Pte Ltd)၊ ဦးမင်းရဲဝေ-ဒေါ်လှလှသိန်း (ခေတ္တ-စင်ကာပူ)၊ ဒေါက်တာမြဖူးငုံ (AS, YGH)တို့၏ ချစ်လှစွာသောမိခင်၊ မရိုးလှသံဒါ၊ မောင်သာထက်မင်းစံတို့၏ အဘောင်ရှင်သည် ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၉(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၉(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဘင်္ဂလားဒေ့ရှ်ခရီးသည်တင်လေယာဉ် ရန်ကုန်လေဆိပ်၌ ပြေးလမ်းချော်မှုဖြစ်ပွား၊ လူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ

**ရန်ကုန် မေ ၈**

ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ယနေ့ ည ၇ နာရီခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားသဖြင့် လေယာဉ်ကိုယ်ထည်နှင့် တောင်ပံ နှစ်ဖက်ကျိုးပဲ့ပျက်စီးကာ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက "အဆင်းမှာ ပြေးလမ်းချော်သွားတာပါ။ အသေအပျောက်တော့ မရှိပါဘူး။ ထိခိုက်ဒဏ်ရာရတဲ့သူတွေတော့ ရှိတယ်။ လေယာဉ်တော့ ပျက်စီးသွားတယ်။ လောလောဆယ် ဖြစ်ပွားတဲ့နေရာမှာ လေယာဉ်ဆီတွေ ယိုစိမ့်နေလို့ အနားလည်းကပ်လို့ မရသေးဘူး။ မီးသတ်က အသင့်စောင့်နေရတယ်။ သတိထားပြီး လုပ်နေရတယ်"ဟု ည ၇ နာရီ ၁၀ မိနစ်ခန့်က ပြောသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြေးလမ်းချော်မှုဖြစ်ပွားသည့် ဘင်္ဂလားဒေ့ရှ်ခရီးသည်တင်လေယာဉ်ကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ ယနေ့ ည ၇ နာရီခန့်က Biman လေကြောင်းလိုင်းမှ ခရီးစဉ်အမှတ် BG.060၊ လေယာဉ်အမှတ် S2.A GQ၊ Bombarider / Q.400 ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြေးလမ်း အမှတ် ၂၁ မှ ဆင်းသက်စဉ် အရှိန်လွန်၍ ၀၃ ထိပ် Cargo ဘက်ပြေးလမ်း ညာဘက်ခြမ်းသို့

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

## ထူးခြားသည့် နေ့အပူချိန်များ

၈-၅-၂၀၁၉

| | |
|---|---|
| ချောက် | ၄၆ ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၄ ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ကြေးမုံ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းမူ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၃ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၃ ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ ဇတ်စရာ

**ပခုက္ကူမြို့၌ အပူရှောင်စခန်းများ ဖွင့်လှစ်မည်**
စာမျက်နှာ » ၁၀

**တောင်ကိုရီးယားမင်းသမီး ဟန်ဂျီဆွန်း ယာဉ်တိုက်မှုကြောင့် ကွယ်လွန်**
စာမျက်နှာ » ၁၁

**နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်မည်ဟု အီရန်ကြေညာ**
စာမျက်နှာ » ၁၃

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပြန်လည်ကျင်းပ

**ရန်ကုန် မေ ၈**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၈) ပထမနေ့ကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပသည်။

ပွဲစဉ် (၈) ပထမနေ့တွင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရယူနိုင်ခဲ့သည်။တောင်ဒဂုံကွင်း၌ ကျင်းပသောပွဲတွင် သစ္စာအားမာန်အသင်းက တက္ကသိုလ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အဖွင့်ဂိုးသွင်း**

သစ္စာအားမာန်အသင်းအတွက် အခက်အခဲမရှိသည့် နိုင်ပွဲဖြစ်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး နှစ်မိနစ်မှာပင် ခင်မိုးဝေက အဖွင့်ဂိုးသွင်းခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❖

## ရှုံးထွက်ပြိုင်ပွဲတွင် ဇွဲကပင်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရခိုင်အသင်း အနိုင်ရ

ရန်ကုန် မေ ၈

**၂၀၁၉ ဘောလုံးရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရခိုင်၊ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်း နိုင်ပွဲရပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။**



ရခိုင်နှင့် ဇွဲကပင်ပွဲတွင် ပင်နယ်တီဖြင့် အဆုံးအဖြတ်ခံယူနေစဉ်။

**(သုဝဏ္ဏကွင်း)**

**ရခိုင်အသင်း - ခြောက်ဂိုး**
**ဇွဲကပင်အသင်း - ငါးဂိုး**

ရခိုင်အသင်းနှင့် ဇွဲကပင်အသင်းတို့ တွေ့ဆုံမှုမှာ အပြန်အလှန်သွင်းဂိုးများဖြင့် ပင်နယ်တီအထိ ရောက်ခဲ့ပြီး ရခိုင်အသင်းက ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ မိနစ် ၁၂၀ ပြည့်သည်အထိ နှစ်ဂိုးစီ သရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရခိုင်အသင်းက လေးဂိုး-သုံးဂိုး၊ စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုရာသီ အမှတ်ပေးပြိုင်ပွဲတွင် အိမ်ကွင်းပွဲများ ဆက်တိုက်ကစားနေရသည့် ရခိုင်အသင်းသည်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

